မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၃၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးစိုက်သီးနှံများ လျာထားချက်နှင့်အညီ စိုက်ပျိုးရေး ကြိုတင်ပြင်ဆင်ဆောင်ရွက် သတ်မှတ်စိုက်ကဧပြည့်မီရေး၊ ပန်းတိုင်အထွက်တိုးရေး နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုး ခြံစည်းရိုးကြက်ဆူပင်များ တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအဖြစ် စိုက်ပျိုးဆောင်ရွက်

ရန်ကုန် မေ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် မီးနင်းချောင်းသို့ ရောက်ရှိရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

တက်ရောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများနှင့်အတူ နံနက် ၉ နာရီ ၄၅ မိနစ်တွင် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ရွှေညောင်ပင်ကွင်း၌ ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပြည်မြို့ တိုးချဲ့စက်မှုဇုန်ရှိ ပြည်(Light Truck 1000 KG) မော်တော်ယာဉ်များအတွက် ပုံဖိစက်ဖြင့် ဖရိမ်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း | **ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း**

❒ ဆေးလိပ်ကို နှစ်ရှည်လများ သောက်သုံးသူတို့တွင် လျှာနှင့် အာခေါင်ရှိ နူးညံ့သောအမြှေးပါးသည် ပိုမိုထူထဲလာပြီး အနံ့အရသာကို စူးရှစွာခံစားနိုင်မှုလည်း လျော့ပါးလာ၊ ဆေးလိပ်သောက်ခြင်းကြောင့် တံတွေးခန်းခြောက်လျှင် ခံတွင်း၌ အောက်ဆီဂျင်မလိုသော ပိုးမွှားများ ပိုမိုများပြားလာပြီး ယင်းပိုးမွှားများကြောင့် သွားဖုံးတွင် ရေစီးကမ်းပြိုရောဂါဖြစ်နိုင်ပေရာ ဆေးလိပ်သောက်သူများသည် မသောက်သူထက် ဆိုးရွားသည့် ရေစီးကမ်းပြိုရောဂါဖြစ်စေနိုင်သော အန္တရာယ်မှာ ငါးဆမှ အဆနှစ်ဆယ် ပိုမိုနိုင်။

ဒေါက်တာညီညီ၏ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ခံတွင်းကျန်းမာရေး ဆောင်းပါး (စာ-၁၀)

ငြိမ့်ညောင်းသော တေးဂီတသံများနားဆင်ခြင်းဖြင့် နာတာရှည်ရောဂါသည်များ ဝေဒနာသက်သာလျော့ပါးစေနိုင်

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၃၀ ရက်)

ကျောင်းကျန်းမာရေး အလေးထားဆောင်ရွက်

တစ်နိုင်ငံလုံးတွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် မေလ ၂၅ရက်နေ့မှ ၃၁ရက်နေ့အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်၍ ကျောင်းအပ်လက်ခံလျက်ရှိပြီး ဇွန်လ ၁ရက်နေ့တွင် အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်တော့မည်ဖြစ်သည်။

ကျောင်းဖွင့်ချိန်သည် မိုးရာသီကာလဖြစ်၍ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်သဖြင့် တာဝန်ရှိသူများက ဂရုပြုဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် ကျောင်းဝင်းအတွင်း ရောင်းချသော စျေးသည်များအား မုန့်ပဲသရေစာများကို ယင်မနားစေရန်၊ သန့်ရှင်းလတ်ဆတ်မှုရှိစေရန်နှင့် အစားအစာ ကိုင်တွယ်သောလက်ကို သန့်ရှင်းမှုရှိစေရန် ကြပ်မတ်ပေးရမည် ဖြစ်သည်။

သွေးလွန်တုပ်ကွေး မဖြစ်ပွားစေရေးအတွက် ကျောင်းနှင့်ဝန်းကျင်တွင် အမှိုက်သရိုက်များ ကင်းစင်ရေး၊ ရေမဝပ်စေရေး၊ သန့်ရှင်းသော သောက်သုံးရေများထားရှိရေး၊ အိမ်သာများ သန့်ရှင်းရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ရေစည်ရေအိုးများအား လုံခြုံစွာ ဖုံးအုပ်ထားရေး၊ ခြင်မခိုအောင်းနိုင်စေရန် အလင်းရောင်ရရှိရေးတို့ကို ဂရုတစိုက်ဆောင်ရွက်ပေးရန် လိုပေသည်။ လိုအပ်ပါက မြို့နယ်ကျန်းမာရေးဌာနများ၏ အကူအညီကိုရယူ၍ ကျောင်းပိတ်ရက်များတွင် တစ်ပတ်တစ်ကြိမ် (သို့မဟုတ်) သင့်တော်ရာရက်များတွင် ခြင်ဆေးဖျန်းခြင်းကို လုပ်ဆောင်သင့်သည်။

ကျောင်းသား ကျောင်းသူများသည် နုနယ်သူများဖြစ်၍ ရောဂါဖြစ်လွယ်၊ ကူးစက်လွယ်သည်။ တာဝန်ရှိသူများအနေဖြင့် မိမိအတန်းအတွင်းရှိ ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိစ္စများကို အထူးအလေးထားကာ ကျောင်းစာသင်ခန်းအတွင်း မလိုအပ်ဘဲ ပန်ကာဖွင့်ခြင်း၊ ခြင်ဆေးခွေများ ထွန်းခြင်းများကိုပင် သတိထားသင့်သည်။ ကျောင်းသားကျောင်းသူများ မိုးမိပါက လဲလှယ်ရန် အဝတ်အစားအပိုများကိုပါ ယူဆောင်လာစေသင့်သည်။

ကျောင်းသားကျောင်းသူများအနေဖြင့်လည်း ခြေသည်းလက်သည်း မှန်မှန်လှီးဖြတ်ခြင်း၊ လက်ကို အစားအစာကိုင်ခါနီးနှင့် အိမ်သာမှအထွက်တွင် ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ သန့်ရှင်းသော အဝတ်အစား ဝတ်ဆင်ခြင်း စသည့် တစ်ကိုယ်ရေသန့်ရှင်းရေးစည်းကမ်းများကို လိုက်နာစေရန်လည်း စိစစ်ဆောင်ရွက်ပေးကြရန် ဖြစ်သည်။

ကျောင်းဖွင့်ချိန်တွင် ကျောင်းသားကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများမဖြစ်ပွားစေရေးတို့အတွက် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းသားကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး စသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၄၄/က)နေ ဦးကျော်မြင့်-ဒေါ်တင်ရွှေ၊ သမီး-Dr.ခင်ဝင်းဝင်းမြင့်၊ သားဦးကျော်ကျော်ဦး-ဒေါ်ခင်ခင်ယု၊ သားဦးကျော်ကျော်စိုး-ဒေါ်နီနီငွေး၊ မြေး-သီဟန်ကျော်၊ သီရိကျော် နှင့် အိမ်ဖြိုးမိသားစုက ဒဂုံမြို့နယ်၊ အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှာစကားပြောကြား

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။ (ယဉ်ကျေးမှု)

သီလရှင်စာပြန်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၉

ရွှေကျင်၊သုဓမ္မာ၊ ဒွါရ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ပဲခူးမြို့ ရတနာမဥ္ဇူ သီလရှင်စာသင်တိုက်၏(၂၂)ကြိမ်မြောက် (အာဘိဓမ္မိက) သီလရှင်စာပြန်ပွဲကို နယုန်လဆန်း ၁၀ ရက်မှ နယုန်လပြည့်အထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ရတနာမဥ္ဇူသီလရှင် စာသင်တိုက် ဖုန်း-၀၅၂-၂၃၉၃၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



ယဉ်ကျေးမှုကိုထိန်းသိမ်းစောင့်ရှောက်ရန်လိုသကဲ့သို့ ဖွံ့ဖြိုးအောင်လည်းဆောင်ရွက် တိုင်းရင်းသားအားလုံး၏ယဉ်ကျေးမှုကိုပြည်ထောင်စုစိတ်ဓာတ်ဖြင့်ထိန်းသိမ်းမြှင့်တင်

ရန်ကုန် မေ ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တို့ကို လှည့်လည်ကြည့်ရှုပြီး ယမန်နေ့နံနက် ၉ နာရီက ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၊ အရာရှိများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၌ လူသားအစမြန်မာကဟု ဆိုရလောက်အောင် တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော်တို့သည် ရှေးနှစ်သန်းပေါင်းများစွာကပင် အတူတကွ ပေါက်ဖွားနေထိုင်ခဲ့ကြသူများဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးသည် မိမိတို့နိုင်ငံ၏ အမျိုးသားနိုင်ငံရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း နေရာတိုင်း၊ ဒေသတိုင်း၌ တိုင်းရင်းသား မျိုးနွယ်စုံလင်စွာ မကွဲမပြား တစ်သားတည်း နေထိုင်လျက်ရှိကြသဖြင့် အုပ်ချုပ်ရေးနယ်နိမိတ်အရ သတ်မှတ် ခေါ်ဝေါ်နေကြသော ပြည်နယ်နှင့်တိုင်း အသီးသီးသည် ပြည်ထောင်စုကြီးအတွင်းက ပြည်ထောင်စုငယ်ကလေးများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသစွဲဆိုသည်မှာ ရှိအပ်သောအရာမဟုတ်ကြောင်း၊ ဒေသစွဲထားလျှင် မှားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်၏ လွှမ်းခြုံမှုအောက်၌သာ အေးအတူပူအမျှ နေထိုင်ကြရမှာဖြစ်ကြောင်း၊ မိမိတို့ ယဉ်ကျေးမှုဝန်ကြီးဌာနတွင်လည်း တိုင်းရင်းသားဝန်ထမ်းများ တစ်စိတ်တစ်ဝမ်းတည်းအမှုထမ်းလျက်ရှိကြသဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ရှေ့တန်းတင်ဖော်ဆောင်သွားကြရန် လိုကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ဦးတည်ချက် (၁၂)ရပ်ချမှတ်၍ ဖော်ဆောင်ခဲ့ရာ အောင်မြင်မှုမှတ်တိုင်များကို နိုင်ငံလုံးပြည့် တွေ့ရှိနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်ရေးတို့ကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေခြင်းမှာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့်လည်း ဦးတည်ချက်(၁၂)ရပ်ကိုပင် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှ စီးပွားရေးခိုင်မာမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှ လူမှုရေးဖြစ်သော ယဉ်ကျေးမှုလည်း မြင့်မားမည် ဖြစ်ကြောင်း၊ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားမျိုးနွယ်အားလုံး၏ ယဉ်ကျေးမှုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်သွားရမည်ဖြစ်ကြောင်း ပြောကြားသွားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၁၅	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။	လက်စွမ်းပြပဟန်ဂီတသံ
၄:၃၅	၆။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၀၀	၈။	မျိုးချစ်တပ်မတော်
၅:၁၀	၉။	ပညာခေတ်
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသ သတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၄၅)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၇)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားများကျင်းပ

ကျောင်းသုံးစာအုပ်၊စာရေးကိရိယာနှင့်ကျောင်းဝတ်စုံများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက် အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်များအရ ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ထိရောက်စွာ အသုံးပြုရေး၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးအတွက် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နှစ် ၃၀ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ် (၂)တွင်ပါရှိသည့် ကျောင်းနေအရွယ်ကလေးများကျောင်းအပ်နှံရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအောင်မြင်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအတွက် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပစ္စည်းပေးအပ်

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်ဒေါက်တာ ဒေါ်စန္ဒာအောင်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်သူ၊ ဦးအေးကြူနှင့် ဗိုလ်မှူးကြီးအုန်းမြင့်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နန်းရွှေယဉ်တို့က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက မြို့နယ်ပညာရေးမှူးများအား မြို့နယ်အတွင်းရှိ ချို့တဲ့ ကျောင်းသား ကျောင်းသူများ အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်း ခရိုင် ပညာရေးမှူး ဦးတင့်လွင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သန်လျင်မြို့

အလားတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်း ခရိုင် ပညာရေးမှူး ဦးတင်စောက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး အခမ်းအနားများတွင်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့များက လှူဒါန်းသည့် ကျောင်းသုံးပစ္စည်းများ၏ တန်ဖိုးမှာ ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ငွေကျပ် ၇၂ သိန်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင်တွင် ငွေကျပ် ၉၂ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ဦးဌေးလွင်-ဒေါ်ဌေးဌေးမြင့် (ဌေးမြန်မာ ကုမ္ပဏီမိသားစု)က ငွေကျပ် ၁၀ သိန်းနှင့် ဦးမောင်စိန် မိသားစုက ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၆၃ သိန်းကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းများကို ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ပြုစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသုတေသနစာတမ်းဖတ်ကြား

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ သစ်တောပညာရှင်အဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက် သစ်တော သုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း သစ်တောဦးစီးဌာနဝင်းရှိ တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်၊ အငြိမ်းစား ပုဂ္ဂိုလ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အထွေထွေမန်နေဂျာများ၊ သစ်တောပညာရှင်အဖွဲ့၊ ဥက္ကဋ္ဌနှင့် ပညာရှင်အဖွဲ့ဝင်များ၊ သစ်တောသယံဇာတ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဖတ်ကြားတင်သွင်း

သုတေသနစာတမ်းဖတ်ပွဲ နံနက်ပိုင်း သဘာပတိအဖြစ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ဆောင်ရွက်ပြီး စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားတင်သွင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပို့ချ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးရာသင်တန်း အပတ်စဉ်(၁၈)မှ သင်တန်းသား သင်တန်းသူ ၁၁၀ တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ အခြေခံစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံဌာနမှူး ဒေါ်ခင်လှမြင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နီနီစိန်၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး နည်းပြနှင့် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာတွေ့လက်တွေ့သင်ကြား

အဆိုပါသင်တန်း၌ နိုင်ငံတော်မူဝါဒနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ညွှန်ကြားချက်များ၊ ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ ရုံးလုပ်ငန်းဆောင်ရွက်ပုံနည်းစနစ်၊ အညွှန်းကိန်းဖြည့်စွက်ပုံနည်းစနစ်နှင့် ဓာတ်ပုံမှတ်တမ်းများ တင်ပြပုံနည်းစနစ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသူ ၆၅ ဦး တက်ရောက်ကြ၍ သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများအရောင်းကိုယ်စားလှယ်ပေးအပ်ခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သော အဝတ်အထည်၊ စားသောက်ကုန်၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများအား ဝင်းသူဇာအရောင်းဆိုင်များတွင် ဆိုင်တင်ရောင်းချလျက်ရှိပါသည်။ အဆိုပါဆိုင်တင်ပစ္စည်းအမယ်များအား အရောင်းကိုယ်စားလှယ်ယူလိုသူများသို့ ကိုယ်စားလှယ်ပေးအပ်သွားမည်ဖြစ်ပါသည်။

၂။ ကိုယ်စားလှယ်ယူလိုသူများအား အောက်ဖော်ပြပါအချက်အလက်များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

- (က) မိမိဝယ်ယူလိုသောပစ္စည်းတန်ဖိုးနှင့်ညီမျှသော မိမိပိုင်(အိမ်၊ ခြံ၊ မြေ၊ ရွှေ၊ ငွေ)တို့အား အာမခံအဖြစ် တင်ဆောင်ရမည်ဖြစ်ပါသည်။
- (ခ) အာမခံတင်သွင်းထားသော တန်ဖိုးအတွင်းရှိ ပစ္စည်းများအား ဝယ်ယူနိုင်ပါသည်။
- (ဂ) မိမိတတ်နိုင်သလောက် ပစ္စည်းအမယ်နှင့် အရေအတွက်အား ဝယ်ယူနိုင်ပါသည်။
- (ဃ) ကိုယ်စားလှယ်ယူလိုသောပစ္စည်းအမယ်အား သက်ဆိုင်ရာစက်မှုလုပ်ငန်းများသို့ လာရောက်ဆွေးနွေးနိုင်ပါသည်။
- (င) မိမိဝယ်ယူလိုသောပစ္စည်းအမျိုးအစားအား မိမိလိုချင်သောပုံစံဖြင့် ထုတ်လုပ်ပေးစေလိုပါက ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။
- (စ) တစ်လတစ်ကြိမ်ယူသည့်စနစ် (သို့မဟုတ်) အဟောင်းကုန် အသစ်ယူစနစ် ကျင့်သုံးနိုင်ပါသည်။
- (ဆ) နိုင်ငံတော်စီမံကိန်းသုံး ထုတ်ကုန်ပစ္စည်းအချို့နှင့် ဆရာဝန်ညွှန်ကြားချက်အရသုံးရသော ဆေးဝါးများမှအပ ကျန်ပစ္စည်းများအား ဝယ်ယူနိုင်ပါသည်။
- (ဇ) ဝင်းသူဇာဆိုင်မတင်သော အင်္ဂတေပစ္စည်းများနှင့် မီးခံအုတ်ပစ္စည်းများလည်း ဝယ်ယူနိုင်ပါသည်။
- (ဈ) အသင်း/အဖွဲ့၊ ပုဂ္ဂလိကမည်သူမဆို လွတ်လပ်စွာ ကိုယ်စားလှယ်အဖြစ် လျှောက်ထားနိုင်ပါသည်။
- (ည) ကိုယ်စားလှယ်အရေအတွက်ကို သတ်မှတ်ထားခြင်းမရှိပါ။

၃။ ကိုယ်စားလှယ်ယူလိုသူများသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန နေပြည်တော် တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၁၃၅ နှင့် ရန်ကုန်မြို့ တယ်လီဖုန်းအမှတ် ၀၁-၅၆၂၁၉၃ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ပါကစ္စတန်ထောက်ခံ

အစ္စလမ္မာဘတ် မေ ၂၉

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)၏ ခွင့်ပြုချက်အတွင်းမှ ငြိမ်းချမ်းရေးအတွက် နျူကလီးယားနည်းပညာအသုံးပြုမှုသည် အီရန်နိုင်ငံ၏ အခွင့်အရေးဖြစ်ကြောင်း ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က မေ၂၆ရက်တွင် ထောက်ခံပြောကြားလိုက်သည်။

ဖော်ပြ

ပါကစ္စတန်-အီရန် ပူးတွဲစီးပွားရေးကော်မရှင်၏ (၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာသော အီရန် ဒုတိယသမ္မတ ပါပစ်ဇ်ဒါဗော်ဒီနှင့်တွေ့ဆုံစဉ် ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။

ငြိမ်းချမ်းစွာဖြေရှင်း

အီရန်၏ နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းစွာဖြေရှင်းရန် ပါကစ္စတန်က ဆန္ဒရှိနေသည်။ ထို့အတူ အခြားနိုင်ငံများအနေဖြင့်လည်း အီရန်နျူကလီးယားကိစ္စရပ်ဖြေရှင်းရန် ပျော့ပျောင်းသောအနေအထား ပြသင့်သည်ဟုလည်း ပါကစ္စတန်သမ္မတက ပြောကြားသည်။

ထို့အပြင် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် ဒေသဆိုင်ရာနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဇဝရက်တောင်တက်ရောက်ခဲ့သော အဘိုးအို ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာ



တိုကျို မေ ၂၉

ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်ခဲ့သော အသက်(၇၀)ရှိ အဘိုးအို တာကာအိုအာရာယာမားသည် ဂျပန်နိုင်ငံသို့ မေ၂၈ရက်က ပြန်လည်ရောက်ရှိလာခဲ့သည်။**(အပေါ်ပုံ)**

သောင်းသောင်းဖြဖြကြိုဆို

၎င်းသည် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခဲ့သော ကမ္ဘာ့ အသက်အကြီးဆုံး တောင်တက်သမား ဖြစ်လာခဲ့သည်။ မေ၁၇ရက်က ဧဝရက်တောင်ထိပ်သို့ တက်ရောက်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ တိုကျိုမြို့ အရှေ့ဘက်နရီတာ နိုင်ငံတကာလေဆိပ်သို့ မေ၂၈ရက်က ပြန်လည်ရောက်ရှိလာစဉ် ၎င်းအား ပရိသတ်များက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

လေဆိပ်သို့အရောက်တွင် သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားပြီး ၎င်း၏နေအိမ်သို့ ထွက်ခွာသွားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဘောလုံးလောင်းကစားမှုကြောင့် ဘဝပျက်နိုင်

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

ဗန်ကောက် မေ ၂၉

မကြာမီ ကျင်းပတော့မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲကြီးနှစ်ရပ်တွင် လောင်းကစားမှုများအတွက် အလုပ်ပိုလုပ်ရလိမ့်မည်ဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားလိုက်သည်။

လောင်းကစားဝိုင်း

ဇွန်၉ရက်တွင် စတင်ကစားမည့် အဆိုပါ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တစ်လတာကာလအတွင်း ထိုင်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် တရားမဝင် လောင်းကစားဝိုင်းများ**(ယာပုံ)**ကို ဝင်ရောက်စီးနင်းရန် စနစ်တကျ ပြင်ဆင်ထားသည်ဟု ဆိုသည်။

မျှော်လင့်ထား

ထိုင်းရဲတပ်ဖွဲ့က ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကာလအတွင်း ဘတ်ငွေ ဘီလီယံပေါင်းများစွာ လောင်းကစားဖြစ်ကြလိမ့်မည်ဟုလည်း မျှော်လင့်ထားသည်။

အရှုံးကြီးရှုံး

များပြားသော လောင်းကစားသမားများသည် ဥရောပကလပ်ဘောလုံးအသင်းများအပေါ် လောင်းကစား ပြုလုပ်ခဲ့ရာတွင် အရှုံးကြီးရှုံးထားခဲ့သည်များကို ပြန်ထေမိစေရန် ကြိုးစားကြလိမ့်မည်ဖြစ်သည်။

ပါဝင်

လောင်းကစား အများဆုံးလုပ်သောအုပ်စုမှာ စီးပွားရေးသမားများနှင့် နိုင်ငံရေးသမားများ၊ စာအုပ်၊ဂျာနယ်ထုတ်ဝေသူများ အများစုပါဝင်သည်ဟုဆိုသည်။ ထိုင်းချူလာလောင်ကွန်းတက္ကသိုလ် သုတေသနရန်ပုံငွေအဖွဲ့က လေ့လာတင်ပြထားရာတွင် ရုံးအလုပ်သမား ၅၀ရာခိုင်နှုန်းမှာ ထီနှင့်ဘောလုံးပွဲ လောင်းကစားလုပ်နေကြကြောင်း တင်ပြထားသည်။

ဘဝပျက်စီး

ဘောလုံးပွဲနှင့် ထီလောင်းကစားမှုကြောင့် ဘဝပျက်စီးနိုင်ပြီး လောင်းကစားကြွေးမဆပ်နိုင်လျှင် အသက်ပင်သေနိုင်ကြောင်း၊ အချို့သောသူများသည် အကြွေးတောင်းသူများ၏ ရက်စက်စွာသတ်ဖြတ်မှုကိုခံရကြောင်း၊ အချို့သော သူများသည် လောင်းကြွေးရှုံး၍ ကိုယ့်ကိုယ်ကိုလုပ်ကြံပြီး သေရကြောင်း ၎င်းတက္ကသိုလ်မှလေ့လာချက်တွင် ဖော်ပြထားသည်။

အဆိုပါ လောင်းကစားများတွင် နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များနှင့် ထင်ရှားသော အားကစားသမားများပင် ပါဝင်သည်ဟုဆိုသည်။

(ဗန်ကောက်ပို့စ်)

ဟာရီကိန်းရာသီအတွက် ပြင်ဆင်မှုများ ကော်စတာရီကာနိုင်ငံ ဆောင်ရွက်နေ

ဆန်ဂျို့ မေ ၂၉

ဟာရီကိန်းရာသီအတွက် ပြင်ဆင်မှုများပြုလုပ်ရန် အမေရိကန်ဒေါ်လာ ၃၂သန်းအား ခွဲဝေပေးလိုက်ကြောင်း ကော်စတာရီကာ အမျိုးသားအရေးပေါ်ကော်မရှင်(စီအင်န်အီး)က မေ၂၆ရက်တွင် ပြောကြားသည်။

ယင်းဟာရီကိန်းရာသီသည် ဇွန်၁ရက်တွင် စတင်ကျရောက်နိုင်သည်ဟု ခန့်မှန်းထားသည်။ ၎င်းငွေများကို ကာကွယ်ရေးစီမံကိန်းများနှင့် လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ ဝယ်ယူရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း စီအင်န်အီးအကြီးအကဲ ဂယ်လာဒိုက ဒေသဆိုင်ရာ ရုပ်မြင်သံကြားသို့ပြောကြားသည်။

အသင့်ဖြစ်နေ

ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်အတွက် လူ၁၆၀၀၀သည် အသင့်ဖြစ်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယခုနှစ်တွင် ကော်စတာရီကာနိုင်ငံအား အနည်းဆုံး ဟာရီကိန်းမုန်တိုင်းနှစ်ခု ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း မိုးလေဝသအေဂျင်စီက သတိပေးချက် ထုတ်ပြန်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

လွှတ်လပ်စွာကုန်သွယ်မှု စင်ကာပူနှင့် ပနားမား သဘောတူညီ

ပနားမား မေ ၂၉

စင်ကာပူနှင့်ပနားမား နှစ်နိုင်ငံတို့သည် သတင်းပြန်ကြားရေး နည်းပညာ၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပနားမားနိုင်ငံ၏ သင်္ဘောလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းအသစ်အဖြစ် လွှတ်လပ်စွာကုန်သွယ်မှုတစ်ရပ်ကို သဘောတူညီခဲ့ကြသည်ဟု ပနားမားနိုင်ငံ စီးပွားရေးနှင့်စက်မှုလုပ်ငန်းဝန်ကြီး အလီဂျန်ဒရိုဖာရာက မေ၂၆ရက်၌ ပြောကြားလိုက်သည်။

ထို့အပြင် နည်းပညာရပ်များအား ကျောင်းဆရာများနှင့် ကျောင်းသားများကို အပြန်အလှန်စေလွှတ်ပြီး ပညာရပ်ဆိုင်ရာများ လေ့ကျင့်သင်ယူနိုင်ရေးကိုလည်း သဘောတူညီခဲ့ကြရာ ယခုသဘောတူညီမှုသည် ပနားမားနှင့် စင်ကာပူ နှစ်နိုင်ငံတို့အတွက် ပထမဆုံး သဘောတူညီမှုတစ်ရပ်ပင်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ

သဘာဝဓာတ်ငွေ့ သယ်ဆောင်လာသော မော်တော်ယာဉ် တိမ်းမှောက်

ပေကျင်း မေ ၂၉

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် နန်ချောင်ဒေသတွင် သဘာဝဓာတ်ငွေ့ သယ်ဆောင်လာသော မော်တော်ယာဉ်တစ်စီး မေ၂၆ရက်က တိမ်းမှောက်သွားခဲ့သည်။**(ဝဲပုံ)**

ယင်း တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသော ယာဉ်မောင်းနှစ်ဦးအား ဆေးဝါးကုသရန်အတွက် ယင်းဒေသရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားနိုင်သဖြင့် ၎င်းပတ်ဝန်းကျင်ရှိ အိမ်ခြေ၂၀အား ဘေးကင်းရာနေရာသို့ ရွှေ့ပြောင်းပေးလိုက်သည်။

ပေါ့ဆမှု

အဆိုပါမော်တော်ယာဉ်တိမ်းမှောက်မှုသည် ယာဉ်မောင်း၏ပေါ့ဆမှုကြောင့် ဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



ရှန်ဟိုင်းတွင်သံလိုက်ရထားလိုင်းတည်ဆောက်မည်

ပေကျင်း မေ ၂၉

ပေကျင်းနှင့် ဘာလင်တို့သည် ရှန်ဟိုင်းမြို့နှင့်အနီးရှိ မြို့တစ်မြို့တို့သို့ဆက်သွယ်မည့် ဒုတိယမြောက် သံလိုက်ရထားလိုင်းပြေးဆွဲရေးအတွက် နည်းပညာလွှဲပြောင်းရေးနှင့် အခြားဆက်စပ်ကိစ္စရပ်များအတွက် တရုတ်ယွမ်ငွေ ၄ ဘီလီယံသုံးစွဲရန် သဘောတူညီကြကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာက ယမန်နေ့ကဖော်ပြသည်။ (အပေါ်ပုံ)

အဆိုပါ သဘောတူကြေညာချက်ကို ဂျာမနီဝန်ကြီးချုပ် အိမ်ဂျယ်လာမာကဲ တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ပြောကြား

ယင်းလျှပ်စစ်သံလိုက်ရထားလမ်းတည်ဆောက်ရေးအတွက် အဓိက လုပ်ငန်းများကို ဂျာမန်ကုမ္ပဏီများက ရယူလုပ်ကိုင်မည်ဖြစ်ကြောင်း မာကဲက ပြောကြားသည်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းကို မည်သည့်အချိန်စမည် ကျန်ရှိအပိုင်းများကို မည်သို့ ဖြေရှင်းမည်ဆိုသည့်ကိစ္စကို အဆိုပါသတင်း၌ ဖော်ပြခြင်းမရှိပေ။

ဂျာမန်ကုမ္ပဏီများက အဆိုပါ သံလိုက်ရထား၏ နည်းပညာပိုင်းကို ရယူမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မာကဲနှင့်အတူ လိုက်ပါလာသော ဂျာမန်ပို့ဆောင်ရေးဝန်ကြီး ဝေါ့ဖ်ဂန်းတီဖန်ဆီးက သတင်းထောက်များအား ပြောကြားသည်။

ထပ်မံတည်ဆောက်

တရုတ်အစိုးရက မတ်လအတွင်း၌ ရှန်ဟိုင်းနှင့် ဟန်ကျိုးမြို့ကို ဆက်သွယ်သည့် သံလိုက်ရထားလိုင်း ထပ်မံတည် ဆောက်မည်ဖြစ်ကြောင်း ပြောကြား ထားခဲ့သည်။ ယင်းရထားမှာ တစ်နာရီလျှင် ကီလိုမီတာ ၄၅၀ မောင်းနှင် နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရုရှား၌ ရဟတ်ယာဉ်ပျက်ကျ

မော်စကို မေ ၂၉

ရုရှားနိုင်ငံတောင်ပိုင်းတွင် မေ ၂၇ရက်က အမ်အိုင်-၂ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးသေဆုံးပြီး အခြားလူများဒဏ်ရာရရှိခဲ့ကြောင်း ရုရှားနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာန၏ဒေသဆိုင်ရာရုံးခွဲက ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဘီလိုရီချင့်ခ်မြို့ အရှေ့မြောက်ပိုင်းကီလိုမီတာ ၃၀ ခန့်အကွာ၌ မော်စကိုစံတော်ချိန် ညနေ ၄နာရီ ၃၈မိနစ်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်မှာ မြေပြင်သို့ ဆင်းသက်ရန် ကြိုးစားရင်းမြေပြင်မှ မီတာ ၁၀၀ အကွာခန့်တွင်ထိုးဆင်းခဲ့ခြင်းဖြစ်သည်။ လေယာဉ်မှူးမှာ ချက်ချင်း သေဆုံးသွားပြီး အခြားခရီးသည်နှစ်ဦးမှာ ဒဏ်ရာပြင်းထန်းစွာ ရရှိခဲ့သည်။

ဒဏ်ရာရရှိသူနှစ်ဦးမှာ ရဟတ်ယာဉ် ပိုင်ရှင်၏ သားနှင့် ဇနီးတို့ဖြစ်ပြီး ရဲတပ်ဖွဲ့က ရဟတ်ယာဉ် ပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်၌ အစာအဆိပ်သင့်

ဟန်နွိုင်း မေ ၂၉

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ စက်ရုံအလုပ်သမားအနည်းဆုံး ၂၇၂ ဦးသည် မေ ၂၂ ရက် နေ့လယ်စာ စားသုံးပြီးနောက် အစာအဆိပ်သင့်၍ ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း နေ့ရှင်းသတင်းစာက ဖော်ပြသည်။

ဟိုချီမင်းမြို့ရှိ ဒတ်သန့်ရှုးဖိနပ်စက်ရုံမှ အလုပ်သမားများသည် စက်ရုံတူနာငါး၊ မန်ကျည်းသီး၊ ဂေါ်ဖီထုပ်နှင့် ပုစွန်ဆိတ် ဟင်းလျာများကို စားပြီးနောက် အစာအဆိပ်သင့်၍ ဆေးရုံသို့ အမြန်ပို့ခဲ့ရသည်ဟု ဒေသဆိုင်ရာ သတင်းစာ တစ်စောင်က ဖော်ပြသည်။

အလုပ်သမား ၁၀၀၀ ကျော်တို့သည် အဆိုပါဟင်းလျာကို စားသုံးပြီး လေးပုံတစ်ပုံမှာ ဆေးရုံသို့ ပို့ခဲ့ရကြောင်း၊ အစိုးရတာဝန်ရှိသူများက အဆိုပါစက်ရုံ၏ချက်ပြုတ်ခန်းကို ဝင်ရောက်စစ်ဆေးခဲ့ကြောင်း၊ ယင်းမှာ ယခုနှစ်အတွင်း ဗီယက်နမ်၌အကြီးဆုံး အစာအဆိပ်သင့်မှုဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာက ဆက်လက်ဖော်ပြသည်။ **(အေပီ)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘိုလီးဗီးယားစွမ်းအင်ကဏ္ဍတွင် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ဗင်နီဇွဲလားမြှုပ်နှံ

ရီနာဟိုတာ မေ ၂၉

ဘိုလီးဗီးယားနိုင်ငံတွင် စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို အမေရိကန် ဒေါ်လာ ၁ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က မေ ၂၆ ရက်၌ ကတိပြုခဲ့သည်။

ဗင်နီဇွဲလားသည် ကမ္ဘာတွင် ပဉ္စမမြောက် ပြည်ပသို့ ရေနံတင်ပို့သော နိုင်ငံဖြစ်သည်။ ရေနံရောင်းဝယ်မှုများတွင် အိမ်နီးချင်းနိုင်ငံများကို လျှော့ဈေးဖြင့်ရောင်းချပေးခဲ့ခြင်း၊ အကြွေးဖြင့်ရောင်းချပေးခြင်းကဲ့သို့ လုပ်ဆောင်မှုများဖြင့် လက်တင်အမေရိကတစ်ဝန်းတွင် ၎င်း၏နိုင်ငံရေးဩဇာလွှမ်းမိုးမှုကို တိုးမြှင့်ခဲ့သည်။

ရှုတ်ချ

လက်ဝဲမဟာမိတ် ဘိုလီးဗီးယား သမ္မတ အီဗိုမိုရာလက်စ်နှင့် ကျူးဘား ဒုတိယသမ္မတ ကာလို့စ်လက်ဂ်တို့နံဘေးတွင်ဝန်းရံလျက် လူအုပ်ကြီးကို ချာဗက်ဇ်က မိန့်ခွန်းပြောကြားစဉ် အမေရိကန်သမ္မတဘုရှ်က ဘိုလီးဗီးယားဒီမိုကရေစီကို ပျက်စီးစေရန်အတွက် ၎င်းကမီးစိမ်းပြခဲ့သည်ဟုပြောကြားရင်း လူသိရှင်ကြား ဘုရှ်အား ရှုတ်ချပြောဆိုလိုက်သည်။

ဘိုလီးဗီးယားသမ္မတ မိုရာလက်စ်သည် ဒီဇင်ဘာလက ၎င်းရွေးချယ်ခံရပြီးကတည်းက ချာဗက်ဇ်နှင့် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မေ ၁ ရက်က မိုရာလက်စ် ဆုံးဖြတ်ချက်ချခဲ့သော ဘိုလီးဗီးယားစွမ်းအင်စက်မှုလုပ်ငန်းများကို အစိုးရက ကိုင်တွယ်မည့်ဆုံးဖြတ်ချက်ကို ချာဗက်ဇ်က ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုက်သည်။

ရင်းနှီးမြှုပ်နှံ

တောင်အမေရိက၏ အဆင်းရဲဆုံး ဘိုလီးဗီးယားနိုင်ငံတွင် စွမ်းအင်ဆိုင်ရာ စူးစမ်းရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်း စီမံကိန်းများတွင် ဗင်နီဇွဲလားနိုင်ငံပိုင် ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ကျိနန်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းနေသည်ကို မေ ၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်သန်းပေါင်းများစွာက ဒိုင်နိုဆောရုပ်ကြွင်း

လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက ဒိုင်နိုဆောရုပ်ကြွင်းတစ်ခုကို တူးဖော်တွေ့ရှိစဉ်။ (အောက်ပုံ)

စပိန်နိုင်ငံ တီအူးလ်မြို့အနီး ဘာရီရိုဟွန်ဒါဒီရိုဗီးရာ ကျေးရွာအပြင်ဘက်၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး သုတေသနပညာရှင်များက လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက အသက်ရှင်ကျက်စားခဲ့သော ဒိုင်နိုဆောသတ္တဝါတစ်ကောင်၏ ရုပ်ကြွင်းဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ရှားပါးသားပိုက်ကောင်အဖြူ

ကမ္ဘာပေါ်တွင်အလွန်ရှားပါးသည့် သားပိုက်ကောင်အဖြူများကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံဟန်ကျိုးမြို့ရှိ တိရစ္ဆာန်ဥယျာဉ်၌ရှိသော အဖြူရောင် သားပိုက်ကောင် နှစ်ကောင်အနက် သားပိုက်ကောင်အမမှ မကြာမီရက်အတွင်း သားပိုက်ကောင်လေးတစ်ကောင် မွေးဖွားခဲ့သည်။ ၎င်းသားပိုက်ကောင်လေးမှာလည်း မွေးကတည်းကပင် အဖြူရောင်အမွေးများပါရှိခဲ့ရာ ကမ္ဘာပေါ်၌အလွန်ရှားပါးသော သားပိုက်ကောင်အဖြူအရေအတွက်တွင် ရှားရှားပါးပါး တစ်ကောင်တိုးလာခဲ့ခြင်းပင်ဖြစ်သည်။ **(အင်တာနက်)**

ပြီးခဲ့သည့်ဘဏ္ဍာနှစ် မြို့ပြနှင့်ကျေးလက်တံတားပေါင်း ၁၃၂၀ စင်းတည်ဆောက်ခဲ့ ဆောင်ရွက်ပြီးစက်ရေတွင်းများ ထာဝစဉ်အသုံးပြုနိုင်အောင် ထိန်းသိမ်း

နေပြည်တော် မေ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၂၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထိန်းသိမ်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်၏ မြို့ပြနှင့် ကျေးလက် လမ်း၊ တံတားများပြီးစီးမှုမှာ မြို့ပြလမ်း မိုင်ပေါင်း ၁၉၇/၀ မိုင်၊ ကျေးလက်လမ်း မိုင်ပေါင်း ၂၀၈၄/၀ မိုင် စုစုပေါင်း ၂၂၈၁/၀ မိုင်နှင့် မြို့ပြတံတားပေါင်း ၂၆၆ စင်း၊ ကျေးလက်တံတားပေါင်း ၁၀၅၅ စင်း စုစုပေါင်း ၁၃၂၀ စင်းတို့ကို ဖောက်လုပ်တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ဆောင်ရွက်ပြီးစီးမှုမှာ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း သုံးတိုင်း၌ ကျေးရွာပေါင်း ၅၆၀၊ လုပ်ငန်းပေါင်း ၁၁၁၂ ခုဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ပြည်နယ်၊တိုင်းများ၌ ကျေးရွာပေါင်း ၁၁၅၃ ရွာ၊ လုပ်ငန်းပေါင်း ၁၅၄၉ ခု ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဆောင်ရွက်ပြီးသော စက်ရေတွင်းများကို ထာဝစဉ် အသုံးပြုနိုင်အောင် ထိန်းသိမ်းဆောင်ရွက်ဖို့ လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းကျောင်း ကိစ္စရပ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေးအဖွဲ့များ၏ အင်ဂျင်နီယာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် အရည်အသွေးကောင်းမွန်ရေး ကိစ္စရပ်များကိုလည်းကောင်း မှာကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းတို့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူငယ်သင်တန်းကျောင်း၊ အိမ်တွင်းမှု သင်တန်းကျောင်းများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှု အစီရင်ခံစာကို သုံးသပ်ဆွေးနွေး ရှင်းလင်းတင်ပြပြီး ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက မိမိတို့ ပြည်နယ်၊ တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကာ နံနက်ပိုင်း အစည်းအဝေးအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းအစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများက မိမိတို့ ပြည်နယ်၊ တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မိမိတို့ မြို့နယ်အလိုက် လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြည်နယ်၊ တိုင်း၊ မြို့နယ်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ငြိမ့်ညောင်းသော တေးဂီတသံများနားဆင်ခြင်းဖြင့် နာတာရှည်ရောဂါသည်များ ဝေဒနာသက်သာလျော့ပါးစေနိုင်

တေးဂီတသံစဉ်များကို နားထောင်ခြင်းသည် နာတာရှည်ဝေဒနာရှင်များအတွက် စိတ်အာရုံခံစားမှု ပြောင်းလဲဆန်းသစ်စေပြီး ၎င်းတို့ခံစားနေရသည့်ဝေဒနာများ လျော့ပါးသက်သာစေကြောင်း သုတေသနပညာရှင်များက အတည်ပြုပြောကြားလိုက်ပေပြီ။

အကျိုးသက်ရောက်

နာတာရှည်ရောဂါ ခံစားနေရသူ လူနာ ၆၀ တို့အား တေးဂီတနားဆင်ခြင်း၏ အကျိုးသက်ရောက်မှု မည်သည့်အတိုင်းအတာအထိရှိသည်ကို သေသေချာချာ သုတေသနပြုခဲ့ရာမှ ယင်းသို့ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အထောက်အကူ

အဆိုပါနာတာရှည်ရောဂါသည်များကို သုတေသနပြုရာ၌ တေးဂီတနားထောင်သူ ဝေဒနာရှင်များအနေဖြင့် ၎င်းတို့၏ ရောဂါဝေဒနာ ၂၀ ရာခိုင်နှုန်းအထိ သက်သာလျော့ပါးသွားပြီး တေးဂီတ လုံးဝနားမထောင်သူများထက် ရောဂါဝေဒနာပျောက်ကင်းမှု မြန်ဆန်အောင် အထောက်အကူပေးကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ထိုကဲ့သို့ ရောဂါသက်သာမှုရရှိကြောင်းကို အမေရိကန်နိုင်ငံ ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆိုင်ရာ ဂျာနယ်တစ်စောင်၌ ဖော်ပြခဲ့ကြသည်။ ထို့အတူ နာတာရှည်ရောဂါသည်မျိုးမဟုတ်ဘဲ အခြားဝေဒနာရှင်များအတွက်လည်း ငြိမ့်ညောင်းသာယာသော တေးဂီတသံစဉ်များသည် ကျန်းမာရေးကို သိသာစွာအထောက်အကူပြုကြောင်း တွေ့ရှိရသည်ဟုလည်း ဖော်ပြခဲ့သည်။

နားဆင်သင့်

ဝေဒနာရှင်များအနေဖြင့် တစ်နေ့လျှင် တစ်နာရီခန့် နေ့စဉ် တေးသီချင်းများ နားဆင်သင့်ကြောင်း၊ မိမိကြိုက်နှစ်သက်သည့် တေးသီချင်းများ၊ ဂီတသံစဉ်များကို နားထောင်စဉ် ဝေဒနာရှင်၏ စိတ်အာရုံသည် ဝေဒနာအပေါ်တွင်မရှိတော့ကြောင်း၊ ထိုအသိစိတ်ဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ အကောင်းကဲ့သို့ လှုပ်ရှားနိုင်ပြီး ကျန်းမာရေးကောင်းမွန်နေသူတစ်ဦးအဖြစ် စိတ်အာရုံတွင်ရှိနေသည်ဟု ဆိုသည်။

အတည်ပြု

မိမိတို့အနေဖြင့် ဝေဒနာရှင်များ ရောဂါသက်သာမှုကို စနစ်တကျလေ့လာခဲ့သဖြင့် တေးဂီတသံစဉ်များ နားဆင်မှုသည် ဝေဒနာရှင်၏ စိတ်စွမ်းအား၊ ကိုယ်စွမ်းအား ပြည့်ဝတိုးတက်မှုကို အထောက်အကူပြုကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု သုတေသနပညာရှင် ဆန်ဒရာဆစ်လီကီက ပြောကြားခဲ့သည်။ **(ကိုးကား–အင်တာနက်)**



အမျိုးသမီးများ နှစ်ခြိုက်စွာအိပ်စက်ခြင်းသည် ကိုယ်ခန္ဓာနှင့်အသားအရေလှပမှုကို ထောက်ကူ

နှစ်ခြိုက်စွာအိပ်ခြင်းသည် ကျန်းမာရေးကို ထိရောက်စွာအကျိုးပြုစေပြီး ကိုယ်ခန္ဓာအသားအရေလှပမှုကိုလည်း များစွာ အထောက်အကူပေးကြောင်း၊ ထို့အပြင် ကိုယ်ခန္ဓာလှပမှုကို ပိုမိုဖြစ်ပေါ်စေကြောင်း သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

စနစ်တကျလေ့လာ

ထိုသို့အိပ်စက်ရာတွင် ညပိုင်းအိပ်ချိန်များ၌ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေခြင်းသည်သာ ကျန်းမာရေးကို အကျိုးပြုကြောင်းလည်း ၎င်းတို့က ပြောကြားသည်။ ၁၆ နှစ်တာ ကာလအတွင်း အမျိုးသမီး ၇၀၀၀၀ ကို စနစ်တကျလေ့လာ သုတေသနပြုခဲ့ရာ အသားအရေလှပသူ၊ ကျန်းမာရေးကောင်းမွန်သူ၊ ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်လှပသူများသည် ညအချိန်တွင် နှစ်ခြိုက်စွာ အိပ်စက်သူများဖြစ်နေကြောင်း တွေ့ရှိရသည်ဟု အိုဟိုင်းယိုးတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမျိုးသမီးများအနေဖြင့် ညအချိန်တွင် တစ်ညလျှင် ခုနစ်နာရီခန့် နှစ်ခြိုက်စွာအိပ်ပျော်ခြင်းသည် အကောင်းဆုံးဖြစ်ပြီး ၎င်းအချိန်ထက် လျော့နည်းလျှင် ကျန်းမာရေးထိခိုက်နိုင်ပြီး ကိုယ်အလေးချိန်များ လျော့ကျစေကြောင်း၊ ထို့အတူ သာမန်အိပ်စက်ချိန်ထက် ပိုမိုအိပ်သူများမှာလည်း ကျန်းမာရေး ထိခိုက်နိုင်ပြီး ကိုယ်အလေးချိန်တိုးမှုကို အထောက်အကူပြုသလိုဖြစ်စေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

တစ်ညလျှင် ငါးနာရီနှင့် ထိုထက်နည်းသော အိပ်ချိန်များသည် ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် ကိုယ်အလေးချိန်လျော့ကျစေသည်ကို သုတေသနနှိုင်းယှဉ်ချက်များအရ တွေ့ရှိရသည်ဟုဆိုသည်။

ဆန်းစစ်ချက်

လေ့လာဆန်းစစ်ချက်များအရ တစ်ညလျှင် ငါးနာရီနှင့် ထို့ထက် အိပ်ချိန်နည်းသော အမျိုးသမီးများသည် တစ်ရက်လျှင် ၅ ဒသမ ၄ ပေါင်ခန့် ကိုယ်အလေးချိန်လျော့ကျနိုင်ကြောင်း၊ ယင်းမှာ အိပ်ရေးမဝမှုကြောင့် အစားအသောက်ပျက်ခြင်းများ၊ လှုပ်ရှားမှုမသွက်လက်ခြင်းများကြောင့် ဖြစ်ကြောင်း သုတေသနပညာရှင် ဒေါက်တာဆန်ဂျေပါတယ်က ပြောကြားသည်။

(ကိုးကား–အင်တာနက်)

မေတ္တာသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၉

မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ဆေးရုံအသီးသီးပေါ်၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် (၉၄)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဇွန် ၄ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ မိမိတို့၏ မေတ္တာသွေးစက်ဖြင့် ခုနစ်ရက်သားသမီးများ ကျန်းမာစေရန် သွေးလှူဒါန်းလိုသူတိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးလိပ်နှင့်ပတ်သက်သည့် ကြော်ငြာအမျိုးမျိုးကို ပိတ်ပင်ခြင်းဖြင့် ဆေးလိပ်တိုက်ဖျက်ရေးကို ထိရောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်

✡ **ကျောဖုံးမှ**

ဘင်ဇင်းနှင့် အမိုးနီးယားဓာတ် များစွာပါဝင်သည်။ အဓိက ပါဝင်သောဓာတ်ပစ္စည်းမှာ နီကိုတင်းဓာတ်ဖြစ်သည်။ လူကို အလွန်စွဲလမ်းစေသောအရာဖြစ်သည်။ နီကိုတင်း၏ စွဲလမ်းစေသောအာနိသင်ကြောင့် ဆေး



အဆုတ်ကင်ဆာရောဂါဖြစ်ပွားနေသူဝေဒနာရှင်တစ်ဦး၏ ဓာတ်မှန်ပုံရိပ်။

ပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ်သောက်ကြည့်ရာမှ တဖြည်းဖြည်း ပို၍စွဲလမ်းလာပြီး မသောက်ရ မနေနိုင်အောင် ဖြစ်လာရသည်။

သေဆုံးနေကြ

ဆေးလိပ်၊ ဆေးရွက်ကြီးတွင် ပါဝင်သော အဆိုပါ ဓာတ်ပစ္စည်းများကြောင့် ဆေးလိပ်သောက်သုံးသူ၊ ဆေးလိပ်မီးခိုးငွေ့ရှူမိသူနှင့် ကွမ်းယာထဲတွင် ဆေးရွက်ကြီး ထည့်စားသူများသည် ဆေးလိပ်၊ ဆေးရွက်ကြီးတို့နှင့် ဆက်စပ်ရောဂါများဖြစ်ပွားကာ နှစ်စဉ် ကမ္ဘာပေါ်တွင် လူငါးသန်းခန့် သေဆုံးနေကြရသည်။

ဆေးလိပ်မသောက်ရေး

ထိုသို့ သေဆုံးနေမှုကြောင့် ဆေးလိပ်သောက်သုံးသူများ သတိမူရေးအတွက် လည်းကောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးတိုက်ဖျက်မှုတစ်ရပ်အဖြစ် လည်းကောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ၃၁ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။

ဆောင်ပုဒ်

ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ ဆောင်ပုဒ်မှာ **“ဆေးလိပ်၊ ဆေးရွက် ဆွဲဆောင်အား၊ အသက်အန္တရာယ်သတိထား၊ တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား”**ဖြစ်သည်။

အဆိုပါ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့နှင့် စပ်လျဉ်းသည့် ကျန်းမာရေးဆက်သွယ်ပြန်ကြားမှုဖိုရမ်တစ်ရပ်ကို မေ ၂၆ရက်က မြေနီကုန်း မီးပွိုင့်အနီး ကျန်းမာရေးပညာပြတိုက်၌ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်စေ့စုခဲ့သည်။

ရှေးဦးစွာ ပြတိုက် တာဝန်ခံ ဒေါက်တာဦးခင်မောင်လွင်က “နှစ်နှစ်ကျော် ကာလအတွင်း ယနေ့ဖိုရမ်သည် အထူးခြားဆုံးဖြစ်ကြောင်း၊ အကြောင်းမှာ လူ့အသက်အန္တရာယ်ဖြစ်စေသော ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးနှင့် ပတ်သက်၍ မကြာမီက မြန်မာနိုင်ငံတွင် ဥပဒေပြဋ္ဌာန်းခဲ့၍ ဆေးလိပ်တိုက်ဖျက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးကို ကျန်းမာရေးအသိသက်သက်မဟုတ်ဘဲ အမှန်တကယ် လက်တွေ့ကျကျ ဆေးလိပ်အန္တရာယ်ပူးပေါင်းတိုက်ဖျက်ရန် လိုအပ်လာပြီဖြစ်ကြောင်းဖြင့်” ပြောကြားသည်။

ကြော်ငြာများ

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ညိုညိုကြိုင်က မြန်မာနိုင်ငံတွင် ဆေးလိပ်ကြော်ငြာများပိတ်ပင်ခြင်းကို တစ်စိတ်တစ်ဒေသအားဖြင့် ဆောင်ရွက်ခြင်းထက် လုံးဝကြော်ငြာများပိတ်ပင်၍ ဆေးလိပ်တိုက်ဖျက်ရေးအတွက် ထိရောက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ ဆေးလိပ်ကြော်ငြာများသည် ဆိုင်းဘုတ်ကြီးများထောင်၍ ကြော်ငြာခြင်းပုံရိပ်ပါးလာသော်လည်း ဆေးလိပ်ကြော်ငြာပိုစတာများ ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် လိုက်ကပ်၍ကြော်ငြာခြင်းဖြင့် လည်းကောင်း၊ ဆေးလိပ်အရောင်း ကားများတွင် ကြော်ငြာခြင်းဖြင့် လည်းကောင်း၊ အင်္ကျီ၊ ဦးထုပ်တို့တွင် ဆေးလိပ်ကြော်ငြာများ ရိုက်နှိပ်၍လည်းကောင်း ကြော်ငြာလျက်ရှိကြောင်း၊ မည်သည့် ကြော်ငြာအမျိုးအစားကိုမျှမချန်ဘဲ ပိတ်ပင်ခြင်းဖြင့် ဆေးလိပ်တိုက်ဖျက်ရေးကို ထိရောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တိုက်တွန်း

ယခုနှစ်၏ ဆေးလိပ်တိုက်ဖျက်ရေးဆောင်ပုဒ်မှာ ဆေးလိပ်သောက်သူများအား ဆေးလိပ်ဖြတ်ရန် တိုက်တွန်းထားခြင်းဖြစ်ကြောင်း၊ ဆေးလိပ်ဖြတ်ရာတွင် စိတ်ဖြင့်ယတိပြတ်ဖြတ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ ဆေးလိပ်ကို စိတ်ကျရောဂါကုဆေးဝါး စမိုကွစ်ဆေးဝါး အသုံးပြု၍လည်း ဖြတ်နိုင်ကြောင်း၊ ဆေးလိပ်သောက်ခြင်းဖြင့် မည်သည့်ကောင်းကျိုးတစ်ခုမျှမရဘဲ ဆိုးကျိုးကိုသာဖြစ်စေနိုင်ကြောင်း၊ ထို့ အပြင် ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် စီးပွားရေး၊ လူမှုရေး၊ မိသားစုအရေးကိုပါ ထိခိုက်နိုင်ကြောင်း၊ ဆေးလိပ်ဖြတ်ခြင်းဖြင့် ကျန်းမာရေးကောင်းမွန်လာသူများကို စံနမူနာအဖြစ် အားကျသင့်ကြောင်းဖြင့်လည်း ဒေါက်တာဒေါ်ညိုညိုကြိုင်က ပြောကြားသည်။

ဥပဒေ

ထို့အပြင်ယခုထုတ်ပြန်ထားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေအရ သက်ဆိုင်ရာဌာနတိုင်းက အသိပေးမှု သတိပေးမှုနှင့် အရေးယူဆောင်ရွက်မှု အပိုင်းများကိုပါ ဥပဒေအကျိုးသက်ရောက်ချိန်မှစပြီး တက်ကြွစွာဖြင့် ဝိုင်းဝန်း ဆောင်ရွက်သင့်ကြောင်းဖြင့်လည်း ၎င်းက ဆက်လက်ပြောကြားသည်။

ပျံ့နှံ့

ဆေးလိပ်သည် ၁၄၉၂ခုနှစ်က ရေကြောင်းဖြင့် လှည့်လည်သွားလာနေသူ ကိုလံဘတ်က ကျွန်းတစ်ကျွန်း၌ လူနီရိုင်းများ ယင်းတို့၏ ရိုးရာပွဲတော်တွင် ဆေးလိပ်သောက်နေသည်ကို တွေ့ရ၍ စမ်းသပ်သောက်ကြည့်ရာမှ စွဲလမ်းမှုဖြစ်ပြီး ဥရောပသို့ပြန်ချိန်တွင် ယူဆောင်သွားခဲ့ရာမှ ဆေးလိပ်သည် ဥရောပတွင် ပျံ့နှံ့လာခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။

၁၆၁၂ခုနှစ်တွင် အမေရိကန်၌ ဆေးလိပ်များ ထုတ်လုပ်ရန် ဆေးလိပ်ပါ ဆေးရွက်ကြီးနှင့် ဆေးရိုးများ စိုက်ပျိုးထုတ်လုပ်လာသည်။ ၁၈၈၄ ခုနှစ်တွင် အမေရိကန်တွင် စီးကရက်စက်ရုံများ ပေါ်ပေါက်လာသည်။ တစ်နေ့လျှင် ဆေးလိပ်၁၂၀၀၀၀ခန့် ထုတ်လုပ်လာသည်။

များပြားလာ

၁၈၉၂ခုနှစ်တွင်ဆေးလိပ်သောက်ရန် မီးခြစ်ဆောင်သည့်အလေ့အထများ ပေါ်ပေါက်ခဲ့သည်။ ဆေးလိပ်နှင့် မီးခြစ်ယှဉ်တွဲပေါ်ပေါက်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးမှု များပြားလာခဲ့သည်။

အမေရိကန်ပြည်တွင်းစစ်(၁၈၆၁-၆၅)နှင့် ဒုတိယကမ္ဘာစစ် (၁၉၂၉-၁၉၄၅)ကာလများက စစ်သားများ၏ ရိက္ခာဝေစုတွင် ဆေးလိပ်ပါဝင်ခဲ့သဖြင့် စစ်အတွင်း ဆေးလိပ်သောက်သုံးမှုသည် ၈၀ရာခိုင်နှုန်းရှိလာသည်။

မြင့်တက်

၁၉၁၃ ခုနှစ်တွင် စီးကရက် ကြော်ငြာများ ပေါ်ပေါက်လာသည်။ ၁၉၂၀ ပြည့်နှစ်တွင် အမျိုးသမီးများ ဆေးလိပ်သောက်သုံးမှု စတင်ဖြစ်ပေါ်ခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဆေးလိပ်ကြော်ငြာများကြောင့် ဆေးလိပ်သောက်သုံးမှုမြင့်တက်လာခဲ့သည်။

ဆိုးကျိုး

ဤသို့ ဆေးလိပ်သောက်သုံးမှု ၁၉၂၁ခုနှစ်တွင် အလွန်မြင့်တက်လာခြင်းနှင့်အတူ ဆေးလိပ်၏ဆိုးကျိုးကို ကမ္ဘာ့နိုင်ငံများက သတိထားမိလာကြသည်။ ၁၆ရာစုခန့်တွင် ဆေးလိပ်ထိန်းချုပ်မှု စတင်ခဲ့သည်။

၁၇၂၉ခုနှစ်တွင် ဘူလ်တန်နိုင်ငံသည် ကမ္ဘာပေါ်တွင်ပထမဆုံးဆေးလိပ်တိုက်ဖျက်ရေး ဆောင်ရွက်ခဲ့သည်။ ၎င်းတို့၏ ဘာသာရေးပွဲတော်တွင် ဆေးလိပ်ကို သောက်လည်းမသောက်ရ၊ ရောင်းလည်းမရောင်းရဟု အမိန့်ထုတ်ပြန် တားမြစ်ပိတ်ပင်ခဲ့သည်။

သတိပေး

ယနေ့ ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံ အတော်များများတွင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေ ပြီဖြစ်သည်။ ဆေးလိပ်ထိန်းချုပ်ရေး ဆောင်ရွက်ရန်အတွက် ဆေးလိပ် ကြော်ငြာများ ပိတ်ပင်ခြင်း၊ ဆေးလိပ်မသောက်ရ နယ်မြေများ သတ်မှတ်ခြင်း၊ ဆေးလိပ်ဘူးခွံများတွင် ကျန်းမာရေး သတိပေးစာများဖော်ပြခြင်း အစရှိသော လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်၍ ဆေးလိပ်သောက်ခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်စားခြင်းများကြောင့် အသက်အန္တရာယ်ဘေးဒုက္ခ၊ စီးပွားရေးဒုက္ခများ မကြုံတွေ့ကြစေရန်အတွက် ဆေးလိပ်သောက်သုံးမှု လုံးဝ ပြတ်ခြင်းဖြင့် ဆေးလိပ်ကိုအောင်နိုင်သူအဖြစ်ခံယူကာ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စအဝဝလုပ်ဆောင်နိုင်ရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)



နှလုံးရောဂါဖြစ်ပွားနေသူ ဝေဒနာရှင်တစ်ဦး၏ နှလုံးအနေအထား။

ဆေးလိပ်ကြောင့်ဖြစ်သောရောဂါများ

ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့်စီးကရက်အမျိုးမျိုးသောက်ခြင်း၊ ကွမ်းဆေးစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့ကြောင့် အောက်ပါရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- **နှလုံးသွေးကြောကျဉ်းခြင်း။**
- **ရုတ်တရက်နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း။**
- **အဆုတ်ပွန်ရောင်ခြင်း။**
- **အဆုတ်ကင်ဆာဖြစ်ခြင်း။**
- **ပါးစပ်၊ လျှာ၊ အစာပြွန်၊ လေမျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာနှင့် အခြားကင်ဆာများဖြစ်ပွားခြင်း။**
- **ခြေပုပ်၊ လက်ပုပ် ရောဂါဖြစ်ခြင်း။**

ခြေပုပ်ရောဂါ ဖြစ်ပွားမှုပြပုံ။



လက်ပုပ်ရောဂါ ဖြစ်ပွားမှုပြပုံ။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၆)

World No-Tobacco Day

(31-5-2006)

“ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား၊ အသက်အန္တရာယ် သတိထား တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား”

Tobacco deadly in any form or disguise

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား

၃၀-၅-၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	လင်္ကာပြင်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၁၅	၆။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၂၅	၇။	**“ချစ်သောမြေ ချစ်သောရေ”** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၃၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	အဆိုပြိုင်ပွဲ
၁၈:၄၅	၁၂။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၀၀	၁၃။	အကပြိုင်ပွဲ
၁၉:၁၀	၁၄။	မြန်မာမှုပန်းဆယ်မျိုး (ပန်းတော့)
၁၉:၁၅	၁၅။	ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉:၃၀	၁၆။	ကုန်စည်တိုးပွားတွံတေးတံတား
၁၉:၃၅	၁၇။	အတီးပြိုင်ပွဲ
၁၉:၄၅	၁၈။	တိုးတက်မှုမှာဇကန် စံပြကျေးရွာတင်းတိမ်ရံ
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **“အိပ်မက်ကမ္ဘာ”** (အပိုင်း-၁၈)
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

✡ ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့က ဌာန ဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ များမှ တာဝန်ရှိသူများအား ခြစ်ညည်းရိုး ကြက်ဆူပျိုးပင်များကို ပေးအပ်ကြ သည်။

စိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို နှင့် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့သည် ခြ စည်းရိုးကြက်ဆူပင်များကို စတင် စိုက်ပျိုးပေးကြသည်။

ထို့နောက် တက်ရောက်လာ ကြသူများက ခြစ်ညည်းရိုးကြက်ဆူပင် ၃၀၀၀ ကို စိုက်ပျိုးကြရာ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ ဝင်များက လှည့်လည်ကြည့်ရှုအားပေး ကြသည်။

လက်ပံတန်းမြို့နယ်အနေဖြင့် သုံးနှစ်အတွင်း ခြစ်ညည်းရိုးကြက်ဆူပင် ဧက၂၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ဧက၃၇၀၀၊ ၂၀၀၇–၂၀၀၈ခုနှစ်တွင် ဧက၇၄၀၀ နှင့် ၂၀၀၈–၂၀၀၉ခုနှစ်တွင် ဧက ၁၁၁၀၀တို့ကို စိုက်ပျိုးသွားမည်ဖြစ် သည်။

ဖြည့်စွက်တင်ပြ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နတ်တလင်းမြို့နယ် တခွန်တိုင် ကျေး ရွာအနီးရှိ ရှင်းလင်းဆောင်သို့ ရောက် ရှိကြရာ သာယာဝတီခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းက သာယာဝတီခရိုင်အတွင်း နွေစပါး စိုက်ပျိုးပြီးစီးမှု၊ ရိတ်သိမ်းခြွေလှေ့မှု နှင့် မိုးစပါးတိုးချဲ့စိုက်ပျိုးရေး ဆောင် ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြ ပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပဲခူး တိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့က ဖြည့်စွက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ယခုအခါ မိုးကာလ သို့ရောက်ရှိလာပြီဖြစ်၍ မိုးစိုက်သီးနှံ များကို လျာထားချက်နှင့်အညီ စိုက် ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရမည့်အချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်က လျာထားသတ်မှတ်ပေး ထားသည့် စီမံကိန်းအတိုင်း ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများက သတ်မှတ် စိုက်ဧက ပြည့်မီရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရေး၊ ပန်းတိုင်အထွက်တိုး ရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးဆောင်ရွက်ရေး၊ထွန်ယက်ခြင်း၊ ရေတင်ခြင်းတို့အတွက် လောင်စာ အဖြစ် အစားထိုးအသုံးပြုနိုင်မည့် ဇီဝ ဒီဇယ်ဆီ ထုတ်လုပ်နိုင်သော ခြစ်ညည်းရိုး ကြက်ဆူပင်များကို တစ်ပိုင်တစ်နိုင် မှသည် တစ်အုပ်တစ်မအဖြစ် ခရိုင်နှင့် မြို့နယ်အလိုက်၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုအလိုက် စိုက်ပျိုးဆောင်ရွက်ရေး တို့ကို မှာကြားသည်။

သာယာဝတီခရိုင်၌ ၂၀၀၆– ၂၀၀၇ ခုနှစ်တွင် မိုးစပါးဧကခုနစ်သိန်း ခြောက်သောင်းကျော်လျာထားသည့် အနက် မိုးစပါးဧကလေးသောင်း ကျော်စိုက်ပျိုးပြီးကြောင်း သိရသည်။

ကူညီဆောင်ရွက်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ ခေတ္တရာရိပ်သာ၌ တိုင်းစိုက် ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်အား တွေ့ဆုံ ဆွေးနွေးရာ ပဲခူးတိုင်း(အနောက်ပိုင်း) ၌ နွေစပါး၊ မိုးစပါး အပါအဝင် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ် ရာ၌ စိုက်ပျိုးရေ ရရှိရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဆည် မြောင်းဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူ များက ပူးပေါင်း၍ တိုင်းအတွင်းရှိ ဆည်များမှ ရေပေးဝေနိုင်မှုကို စိစစ် ဆောင်ရွက်ရေး၊ ၂၀၀၅–၂၀၀၆ခုနှစ် တွင် မိုးစပါး၊ နွေစပါး ဆီထွက် သီးနှံနှင့် ပဲအမျိုးမျိုးတို့ကို လျာထား ချက်ကျော်လွန်အောင် စိုက်ပျိုးဆောင် ရွက်နိုင်သကဲ့သို့ ယခု ၂၀၀၆–၂၀၀၇ ခုနှစ်တွင်လည်း စီမံကိန်းလျာထား သည့်အတိုင်း စပါးဧက သိန်း ၃၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများက အောက်ခြေအထိ ဆင်းပြီး ကျေးရွာအလိုက် အသေးစိတ် ညှိနှိုင်း၍ လယ်သမားများ အမှန် တကယ် စိုက်ပျိုးနိုင်အောင် ကူညီ ဆောင်ရွက်ပေးကြရေး မှာကြားသည်။

တက်ရောက်အားပေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ လေယာဉ်ကွင်းရှိ စံပြခြစ်ညည်းရိုး ကြက်ဆူပင်စိုက်ကွင်း၌ ကျင်းပသည့် ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ များ၏ ခြစ်ညည်းရိုးကြက်ဆူပင်စိုက်ပျိုး ပွဲသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ် ကိုကို၊ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင် များက ခြစ်ညည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြ သူများ၏ စံပြစိုက်ကွင်းဧက ၅၀ ၌

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ရွှေညောင်ပင်ကွင်း၌ကျင်းပသည့် ခြစ်ညည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ခြစ်ညည်းရိုး ကြက်ဆူပျိုးပင်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

ခြစ်ညည်းရိုးကြက်ဆူပင်ခြောက်သောင်း စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုက်ရိုက်မျိုးစေ့ ချစိုက်နည်း၊ မျိုးကိုင်းစိုက်နည်းတို့ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မြို့နယ် ရဲတပ်ဖွဲ့၏ ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုအားပေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ပဲခူးတိုင်း (အနောက်ပိုင်း) ၌ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ခြစ်ညည်းရိုး ကြက်ဆူပင် ဧက ၃၆၉၀၀ စိုက်ပျိုးရန် လျာထားရာ ၇၅၂၆ ဧကကျော် စိုက်ပျိုး ပြီးစီးနေပြီဖြစ်ပြီး မျိုးစေ့၊ မျိုးကိုင်း စုဆောင်းမှုမှာ ဧကတစ်သောင်းကျော် နှင့် ပျိုးထောင်ထားရှိမှာ ၅၁၈၂ ဧက ဖြစ်ကြောင်း သိရသည်။

ပြည်မြို့တိုးချဲ့စက်မှုဇုန်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း သည် အဖွဲ့ဝင်များနှင့် အတူ ပြည်မြို့ တိုးချဲ့စက်မှုဇုန်သို့ ရောက်ရှိရာ ရှေးဦးစွာ တိုးချဲ့စက်မှု ဇုန်၏ဓာတ်အားခွဲရုံတည်ဆောက်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းလျှပ်စစ် အင်ဂျင်နီယာ ဦးမောင် မောင်တင်က (၆၆/၁၁) KV ဓာတ်အားခွဲရုံ တည်ဆောက်မှုနှင့် စက် မှုလုပ်ငန်းရှင်များအား ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပြည် Light Truck 1000 Kg မော်တော်ယာဉ် များအတွက် ပုံဖိစက်ဖြင့် ဖရိမ် ထုတ် လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ အောင်ချမ်းသာ စက်မှုလုပ်ငန်း က ထုတ်လုပ်သော စပါးခွံဓာတ်ငွေ့ သုံး အင်ဂျင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အင်ဂျင်သည် တစ်နာရီ တွင်အသုံးပြု စပါးခွံခြောက်တင်းခန့် ဖြင့် တစ်နာရီအတွင်း ငါးပုံစပါး တင်း ၅၀ခန့်ကြိတ်ခွဲနိုင်ပြီး စားသုံး ဆီကြိတ်နိုင်မှုတစ်ရက်လျှင် ၂၁သမ၅ ပိဿခန့်ရရှိမည့်အပြင် ယနေ့ ကျေး လက်ဒေသများ၌ လျှပ်စစ်မီးရရှိရေး အတွက် အဆိုပါအင်ဂျင်ဖြင့် (20 KVA) ဒိုင်နမိုတွဲ၍ အသုံးပြုပါက (20000 Watts) ခန့်ထွက်ရှိနိုင်ကာ လေးပေမီးချောင်း ၅၀၀ သို့မဟုတ် နှစ်ပေမီးချောင်း ၁၀၀၀ခန့် အသုံးပြု နိုင်မည်ဖြစ်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပြည်မြို့ စက်မှု ဇုန်က ထုတ်လုပ်သည့် ပြည် Light Truck 1000 Kg မော်တော်ယာဉ် များကို ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

လက်တွဲကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ် ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ် ကိုကို၊ ပဲခူးတိုင်း (အနောက်ပိုင်း တိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း တို့နှင့်အတူ မေ ၂၇ရက် နံနက် ၈နာရီခွဲ တွင် ပြည်တပ်နယ် ရဲမင်းအောင် ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ပျိုး မွေးမြူရေး၊ မိသားစုများ၏ သက်သာ ချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အောင် မြင်ရေးအတွက် ဒေသခံပြည်သူများ နှင့် တက်ညီလက်ညီ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရေး၊ ခြစ်ညည်း ရိုးကြက်ဆူပင်ကို လျာထားသတ်မှတ် ချက်အတိုင်း စိုက်ပျိုးကြရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ် ကိုကိုနှင့် ပဲခူးတိုင်း(အနောက်ပိုင်း တိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့ နှင့်အတူ ပြည်မြို့နယ် ထမ္မကောက် ကျေးရွာအုပ်စု တီတွတ်ကျေးရွာအနီး ၌ ကျင်းပသည့် ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

အမှတ်တရစိုက်ပျိုး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းတို့က ခြစ်ညည်းရိုး ကြက်ဆူပင်များကို အမှတ်တရ စိုက် ပျိုးပေးကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၏ ဧက ၆၀၀ အတွင်း ခြစ်ညည်းရိုးကြက်ဆူပင် ၇၂၀၀၀၀ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှု များကို လှည့်လည်ကြည့်ရှုအားပေး ကြသည်။

စိုက်ပျိုးမည်

ပြည်မြို့နယ် ထမ္မကောက် ကျေးရွာအုပ်စု၌ ပါဝင်သော ပန်းတင် ကျေးရွာ၊ သောကြာမာကျေးရွာနှင့် ငါးဆူကျေးရွာတို့၌ ယခုနှစ်အတွင်း ဌာနဆိုင်ရာများ၊ တပ်ရင်း တပ်ဖွဲ့များ နှင့် လူမှုရေးအသင်းအဖွဲ့များကခြစ်ညည်း ရိုးကြက်ဆူပင် ဧက၁၆၇၀ကို စိုက်ပျိုး ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထမ္မကောက်ကျေးရွာ အုပ်စု၌ ခြစ်ညည်းရိုးကြက်ဆူပင် စုစု ပေါင်း ဧက၅၀၀၀ခန့်ကို တစ်ဆက် တစ်စပ်တည်း စိုက်ပျိုးနိုင်မည်ဖြစ်ရာ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပုဂ္ဂလိက များက ယခုမိုးတွင်းကာလအတွင်း ပြီးစီးအောင် ဆက်လက်စိုက်ပျိုးသွား မည်ဖြစ်သည်။ **(သတင်းစဉ်)**

၂၀၀၆–၂၀၀၇ပညာသင်နှစ် ဒဂုံမြို့နယ် မြို့နယ်လုံးကျွတ်ကျောင်း အပ်နှံရေးနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ အလှူငွေများပေးအပ် လှူဒါန်းပွဲအခမ်းအနားကို အထက(၂) ဒဂုံ ဦးဘလွင်ခန်းမ၌ မေ ၂၉ရက် တွင် ကျင်းပရာ အထက(၂) ဒဂုံ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ထွန်း က ကျောင်းသုံးဗလာစာအုပ်များကို အမက(၂) ဒဂုံကျောင်းမှ ကျောင်းအုပ် ဆရာကြီးဦးမြင့်အေးနှင့် ကျောင်းသား ကျောင်းသူများသို့ ပေးအပ်စဉ်။ (က–ပ)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ မကြာမီကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိတော့မည် ဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့် အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါ်ဖြစ်တတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုစိုက်မောင်းနှင်

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်ပြီး အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံး နိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ ရေအနက်မလုံလောက်သည့် ရေမြှုပ်ပေါ်ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ် စက်အားဖြင့် ရေစီးအားကို ချင့်ချိန်ဂရုပြု မောင်းနှင်ကြရန် လိုအပ်သည်။

အနီရောင်မြားပြသထား

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင်လမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ရေယာဉ်များ မဝင်ရမည့်အပေါက်၌ အနီရောင် ကြက်ခြေခတ်အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်ပြီး ရေစီးသန်မည် ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာ အဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့်တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန် နှင့် တံတားအဝင် ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စီးတွဲတွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြု မောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုးမပြုလုပ်ရန်နှင့် မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာ တွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်းမပြုလုပ်ဘဲ တစ်တွဲချင်းသာ ဖြတ်သန်းကြရန်လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်ခြည်း လေပြင်းတိုက်ခိုက်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ မြစ်အတွင်းခုတ်မောင်းနေသော ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြု မောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာ ဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

စက်မှုသီးနှံပင်များ ဖြစ်ထွန်းအောင်မြင်ရန် စနစ်တကျ စီမံကွပ်ကဲစိုက်ပျိုးသွားရေး၊ အထူးသဖြင့် လစ်ဟာလျက်ရှိသော မြေရိုင်းများကို ဖော်ထုတ်ပြီး ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ရှင်းလင်းမှာကြား

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်းရှိ ဘွိုင်လာဌာနကို လည်းကောင်း၊ စက်ရုံတိုးချဲ့တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ စက်ပစ္စည်းကိရိယာများ ကြံ့ခိုင်ရေးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းစစ်ဆေးချက်မှ တွေ့ရှိရသော အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ ပြုပြင်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဇေယျဝတီမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ဇေယျဝတီအရက်ချက်စက်ရုံ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဇေယျဝတီသကြားစက်ရုံသို့ရောက်ရှိ၍ စက်များကြံ့ခိုင်ရေးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကြံရာသီကုန်ဆုံးပြီးနောက် စက်များကြံ့ခိုင်မှုဆောင်ရွက်ရာ၌ မဖြစ်မနေလဲလှယ်ရမည့်စက်အရန်ပစ္စည်း Cane Carrier Chain Slat နမူနာကိုလည်းကောင်း၊ ကြိတ်လုံးများ၏ အခြေအနေများကိုလည်းကောင်း၊ ဘွိုင်လာများ၏ ကြံ့ခိုင်မှုဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ Secondary Fan Feed Pump Bearing Housing များကိုလည်းကောင်း၊ တာဘိုင်များ၊ မော်တာများနှင့် ဆီအအေးခံကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကြံရာသီအတွင်း ကြံများရရှိရေးအတွက် ကြံတောင်သူများအား စည်းရုံးသွားရန်၊ ရည်မှန်းချက်တာဝန်များ ပြည့်ဝရန် ယခုကပင် အခြေခံလိုအပ်ချက်များကို အစီအမံထား ဆောင်ရွက်သွားရေးနှင့် စက်အရန်ပစ္စည်းများဖြည့်ဆည်းသွားရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်လုံးကျွတ်ကျောင်းအပ်နှံရေး အခြေခံပညာ ကျောင်းနေအရွယ်ကလေးများအတွက် အလှူငွေပေးအပ်

ရန်ကုန် မေ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ခရိုင်လုံးကျွတ်ကျောင်းအပ်နှံရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များနှင့် အညီ ကျောင်းနေ အရွယ် ကလေးငယ်အားလုံးရာနှုန်းပြည့်ကျောင်းနေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကျောင်းနေအရွယ်ကလေးငယ်အားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် မိဘ၊ ဆရာနှင့် ကျောင်းသားပူးပေါင်းဆောင်ရွက်ကြရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ အခြေခံပညာကျောင်းနေအရွယ် ကလေးများအတွက် ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ်၂၇၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၀၀၊ ဦးအိုက်လင်း (Great Nine ကျောက်မျက်ကုမ္ပဏီ)က ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ ကဏန်းလုပ်ငန်းရှင်များ အသင်းက ငွေကျပ် လေးသိန်း၊ ဦးလှမြင့်မိသားစု (ကေသီပန် တိုင်းရင်းဆေးထုတ်လုပ်ရေး)၊ ရန်ကုန် အနောက်ပိုင်းခရိုင် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ သမားတော်ကြီး ဦးလှဌေး သီရိသုဓမ္မသိင်္ဂီဒေါ်တင်နွယ်ဦး(မုန်ချိုဆေးတိုက်)၊ ဦးငြိမ်း-ဒေါ်အုံးကြင် (အိုကေဆန်ရောင်းဝယ်ရေး)နှင့်ဦးငယ်လေးတို့က ငွေကျပ်တစ်သိန်းစီနှင့်ဒေါ်နုမိသားစုက ငွေကျပ်ငါးသောင်း စုစုပေါင်းအလှူငွေကျပ်၁၄၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက လက်ခံရယူသည်။

လက်ခံရယူ

ဆက်လက်၍ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများက အလှူငွေများဆက်လက်လှူဒါန်းကြရာ ကြည့်မြင်တိုင်မြို့နယ်က ငွေကျပ် ကိုးသိန်း၊ လှိုင်မြို့နယ်က ငွေကျပ် ၆၀၅၀၀၀၊ဆိပ်ကမ်းမြို့နယ်က ငွေကျပ် ၅၆၅၀၀၀၊ ဗဟန်းမြို့နယ်က ငွေကျပ် ၄၁၂၅၀၀၊ ပန်းဘဲတန်းမြို့နယ်က ငွေကျပ် ၃၆၀၀၀၀၊ မရမ်းကုန်းမြို့နယ်က ငွေကျပ် ၃၃၁၅၀၀၊ လမ်းမတော်မြို့နယ်က ငွေကျပ် ၂၈၀၀၀၀၊ အလုံမြို့နယ်က ငွေကျပ် ၂၅၀၀၀၀၊ ကမာရွတ်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ ဒဂုံမြို့နယ်က ငွေကျပ် ၉၀၀၀၀၊ ကျောက်တံတားမြို့နယ်က ငွေကျပ် ၈၀၀၀၀၊ လသာမြို့နယ်က ငွေကျပ် ၅၀၀၀၀ စုစုပေါင်း အလှူငွေကျပ် ၄၃၂၄၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူတို့က လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူးများထံ ပေးအပ်ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် ပညာရေးမှူး ဒေါ်စမ်းနုက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မေ ၂၉

ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးအသင်းများအဖွဲ့ချုပ်(Vietnam Union of Friendship Organization) ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ခေါင်းဆောင်သည့် အဖွဲ့ဝင်လေးဦးပါ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဌာနချုပ်မှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

❒ **ကျောဖုံးမှ**

ကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြစ်ကြီးနားမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် နုတ်ထွက်သူများအပါအဝင် စုစုပေါင်းအင်အား ၁၀၀ တက်ရောက်ကြပြီး မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးခင်မောင်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ ၅၄ ဦး၏ကိုယ်စား မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင် ဦးအောင်ငြိမ်းက နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် ၎င်းအပါအဝင် ၅၄ဦးသည် ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်လွှာတင်သွင်းခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ပန်ဆင်ပြီး တိကျခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ကာ နေ့မအား၊ ညမနား ဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင်မြင်တွေ့နေရကြောင်း၊ နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်နေသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်နေရပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများသည်လည်း တောနှင့်မြို့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုနည်းပါးလာသည်ကို တွေ့မြင်ရပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝ အခြေခိုင်ခံ့အောင် ဆောင်ရွက်နေမှုများသည် အပြောသက်သက်မဟုတ်ဘဲ အလုပ်ဖြင့် ဆောင်ရွက်နေသည်ကို တွေ့မြင်နေရကြောင်း၊ ၎င်းတို့အနေဖြင့် ပါတီ၏လုပ်ငန်းစဉ်များကို စွန့်လွှတ်ပြီး ပါတီမှနုတ်ထွက်ကာ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူလက်တွဲ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချပြီး ယခုကဲ့သို့ နုတ်ထွက်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည်ယုံကြည်ချက်၊ ခံယူချက်များ ပြောင်းလဲသင့်သည့် အချိန်တန်ပြီဖြစ်၍ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုမျှမပါရှိဘဲ နုတ်ထွက်လွှာတင်သွင်းခြင်းဖြစ်သည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံအသိ၊ ကမ္ဘာအသိ ကြေညာပြီး အမျိုးသားညီလာခံကို ကျင်းပခဲ့သည့်အတွက် ယနေ့အချိန်တွင် (၇၀)ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ မဝေးတော့သည့် ကာလတစ်ခုတွင် နိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ရပ်တည်လာနိုင်တော့မည့် အခြေအနေတွင် ၎င်းတို့ NLD ပါတီအနေဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် အချိန်အခါ၊ အခြေအနေနှင့် မကိုက်ညီသည့် လုပ်ရပ်များ လုပ်ဆောင်နေသည်ကို တွေ့မြင်နေရကြောင်း၊ ပါတီ၏ မှားယွင်းသည့်လုပ်ရပ်များ၊ အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား ကိုယ်ကျိုးအတ္တကြီးမားသည့် NLD ပါတီအပေါ် လုံးဝစိတ်ဝင်စားမှု မရှိတော့သဖြင့် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍နုတ်ထွက်လွှာပေးအပ်သူ ၅၄ဦးကိုယ်စား မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးဦးစိုးအောင်က နုတ်ထွက်လွှာများနှင့် ပါတီအတွင်းဆောင်ရွက်စဉ် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို မြစ်ကြီးနားမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံ ပေးအပ်ပြီး အခမ်းအနားကို နံနက် ၉နာရီ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် အမှတ် ၇၉၁ သမိန်ဗရမ်းလမ်း ၃၅ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ခင်ဌေးဆွေမွေးနေ့ အထိမ်းအမှတ်အလှူအဖြစ် အလှူငွေ ကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အမျိုးသား၊ အမျိုးသမီး သက်တန်းအလိုက် ရေကူးယှဉ်ပြိုင်

ရန်ကုန် မေ ၂၉

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အမျိုးသား၊ အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲ ဒုတိယနေ့(နောက်ဆုံးနေ့)ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီမှစ၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ပွဲစဉ်များအဖြစ် အကြီးတန်း အမျိုးသား ငါးပွဲ၊ အမျိုးသမီး ငါးပွဲ၊ အသက်(၁၅၊၁၆၊၁၇)နှစ်တန်း အမျိုးသားလေးပွဲ၊ အမျိုးသမီး နှစ်ပွဲ၊ အသက်(၁၃၊၁၄)နှစ်တန်း အမျိုးသား ရှစ်ပွဲ၊ အမျိုးသမီး ရှစ်ပွဲ၊ အသက်(၁၁၊ ၁၂)နှစ်တန်း အမျိုးသားငါးပွဲ၊ အမျိုးသမီး သုံးပွဲ၊ အသက်(၉၊ ၁၀)နှစ်တန်း အမျိုးသားလေးပွဲ၊ အမျိုးသမီး သုံးပွဲ၊ အသက်(၈)နှစ်အောက် အမျိုးသား နှစ်ပွဲ၊ အမျိုးသမီး သုံးပွဲ စုစုပေါင်း ၅၂ ပွဲ ကျင်းပသည်။

အမျိုးသမီး(၁၅၊၁၆၊၁၇)နှစ်တန်း မီတာ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး၏ အားမာန်အပြည့်ဖြင့် ယှဉ်ပြိုင်ဟန်။ (မြန်မာ့အလင်း)



ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် (ရေကူးအားကစားနည်း) တာဝန်ခံနာယက ဒေါ်မူမူဝင်းက အမျိုးသားအကြီးတန်းမီတာ ၄၀၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ အသက်(၁၃၊ ၁၄) နှစ်တန်း မီတာ ၄၀၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲနှင့် အမျိုးသမီး အသက်(၁၃၊ ၁၄)နှစ်တန်း မီတာ ၄၀၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက အမျိုးသားအကြီးတန်း မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ (၁၃၊၁၄)နှစ်တန်း မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲနှင့်အမျိုးသမီး (၁၃၊၁၄)နှစ်တန်းမီတာ ၂၀၀ အလွတ်ကူး ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က အမျိုးသား (၁၅၊၁၆၊၁၇) နှစ်တန်း၊ အမျိုးသားအကြီးတန်းနှင့်အမျိုးသမီးအကြီးတန်းမီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲများ၌ ဆုရရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်ဝင်းက အမျိုးသား (၁၁၊၁၂) နှစ်တန်း၊ အမျိုးသား(၁၃၊၁၄)နှစ်တန်းနှင့် အမျိုးသမီး(၁၃၊၁၄)နှစ်တန်း မီတာ ၁၀၀ပက်လက်ကူးပြိုင်ပွဲ၌ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)က အမျိုးသား (၉၊၁၀)နှစ်တန်း၊ အမျိုးသမီး (၉၊၁၀)နှစ်တန်း မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲနှင့် အမျိုးသမီးရှစ်နှစ်အောက် ၂၅မီတာပက်လက်ကူးပြိုင်ပွဲများ၌ ဆုရရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့်ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက အမျိုးသား(၁၃၊၁၄)နှစ်တန်းမီတာ ၁၀၀ရင်ပေါင်တန်းကူးပြိုင်ပွဲ၌ စံချိန်သစ်တင်ခဲ့သော ရဲမြင့်ဟိန်းအား ဆုချီးမြှင့်သည်။ ရဲမြင့်ဟိန်းမှာ ၂၀၀၂ခုနှစ်က ရန်လင်းအောင်တင်ထားသော ၁မိနစ် ၁၅ဒသမ၆၂စက္ကန့်ကို ၁မိနစ် ၁၂ဒသမ၉၁စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။ **(က-ပ)**

အမျိုးသမီး အကြီးတန်း မီတာ ၁၀၀ ရင်ပေါင်တန်းကူး ပြိုင်ပွဲတွင် မိုးသူအောင် ဦးဆောင်ယှဉ်ပြိုင်စဉ်။

(မြန်မာ့အလင်း)

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ခံတွင်းကျန်းမာရေး

ဒေါက်တာ ညီညီ

လူတို့တွင် ရောဂါဝေဒနာကိုဖြစ်စေသော အကြောင်းတရားပေါင်း မြောက်မြားစွာ ရှိသည့်အနက် အချို့သောအကြောင်းတရား၏ တရားကိုယ်သဘောမှာ **“မည်သူမပြု မိမိမှု”** ဖြစ်ပါသည်။ ယနေ့ကာလတွင် ကျန်းမာရေးကို အလွန်အမင်း ထိခိုက်သည့်တိုင်အောင် လွန်ကဲ လွဲမှားစွာ လူတို့ကိုယ်တိုင် ပြုမူနေကြသည့် နှစ်ခြိုက်စွဲလမ်းမှုအဖြစ်ဆုံး ရုပ်ပိုင်းဆိုင်ရာ အမူအကျင့် သုံးမျိုးရှိသည်။ ၎င်းတို့မှာ (၁) ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်း၊ (၂) အရက်အလွန်အကျွံ သောက်သုံးခြင်းနှင့် (၃) ကော်ဖီ၊ လက်ဖက်ရည်နှင့် ကိုလာစသည့် ကဖင်းဓာတ် ပါဝင်သော အချိုရည်များ အလွန်အကျွံသောက်သုံးခြင်းတို့ ဖြစ်ကြသည်။ ယင်းတို့အနက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းကြောင့် လူတို့တွင် ရောဂါဝေဒနာအများဆုံးနှင့် သေဆုံးမှုအများဆုံးဖြစ်လျက်ရှိရာ ကမ္ဘာတစ်ဝန်း နှစ်စဉ် လူပေါင်းငါးသန်းခန့် အသက်ဆုံးရှုံးလျက် ရှိပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းတွင် ဆေးလိပ်သောက်ခြင်းနှင့် မီးခိုးမထွက်သော ဆေးရွက်ကြီးသုံးစွဲခြင်းတို့ ပါဝင်ပါသည်။ ဆေးလိပ်သောက်ခြင်းဟူသည် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်ဆေးလိပ်၊ ဆေးတံစသည်တို့ဖြင့် ဆေးရှူသည့် ကိစ္စအဝဝကို ဆိုလိုပြီး မီးခိုးမထွက်သော ဆေးရွက်ကြီး သုံးစွဲခြင်းဟူသည် ဆေးရွက်ကြီးကို အပိုင်းအစငယ်များဖြတ်တောက်၍ သွားဖြင့်ဝါးခြင်း၊ အမှုန့်ပြုလုပ်၍ ပါးစောင်တွင်ငုံခြင်းနှင့် ဆေးရွက်ကြီးပါဝင်သော ကွမ်းယာ စားသုံးခြင်းတို့ကို ဆိုလိုပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် လူ့ခန္ဓာကိုယ်တွင် နေရာအနှံ့ ရောဂါဝေဒနာမျိုးစုံ ဖြစ်ပွားနိုင်ကြောင်း အများသိရှိကြသော်လည်း စွဲလမ်းမှု၏အစပြုရာ၊ အမူအကျင့်၏ တည်မှီရာဖြစ်သော ခံတွင်း၌ ကျန်းမာရေးမည်သို့ ထိခိုက်စေသည်ကိုမူ သိရှိသူနည်းပါးလှသည်။ ဆေးလိပ်သောက်လျှင် ဆေးရွက်ကြီး မီးလောင်ကျွမ်းရာမှ ထွက်ပေါ်လာသောအပူ၊ ဓာတုပစ္စည်းများနှင့် မီးခိုးငွေ့တို့သည်လည်းကောင်း၊ ဆေးရွက်ကြီးကိုဝါးခြင်း၊ ငုံခြင်းပြုလုပ်လျှင် မှုန့်ခြေကြေမွသွားသော ဆေးရွက်ကြီးမှ စိမ့်ထွက်၍ တံတွေးသို့ ပျော်ဝင်သည့် ဓာတုပစ္စည်းများသည်လည်းကောင်း နှုတ်ခမ်း၊ ပါးစောင်၊ အာခေါင်၊ လျှာ၊ လျှာအောက်ဖက်နှင့် သွားဖုံးနေရာအနှံ့ရှိ နူးညံ့ပျော့ပျောင်းသော အမြှေးပါးများနှင့် သွားများကို ဇီဝဖြစ်စဉ်ပြောင်းလဲစေလျက် သာမန်ချွတ်ယွင်းပျက်စီးသော လက္ခဏာများ အပါအဝင် အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်သည့် ဆိုးရွားသော ရောဂါများကိုပါ ဖြစ်စေနိုင်ပေသည်။

ဆေးလိပ်သောက်လျှင် ဆေးရွက်ကြီးမီးလောင်ရာမှ နောက်ဆုံးထွက်လာသော ကတ္တရာစေးသည် တံတွေးတွင်ပျော်ဝင်လျက် သွားမျက်နှာပြင်ကို ကပ်ငြိစွန်းထင်းသဖြင့် သွားများ၌အရောင်ညိုမည်းသော ဆေးချေးများဖြစ်စေသည်။ ဆေးရွက်ကြီးမီးလောင်ရာမှ ရရှိသည့်အပူသည် ရှူသွင်းလိုက်သော မီးခိုးနှင့်အတူ ခံတွင်းအနှံ့ မွှေနှောက်ပျံ့နှံ့လျက် စိုစွတ်ပျော့ပျောင်းသည့် ခံတွင်းအမြှေးပါးကို ခြောက်သွေ့စေသည်။ တံတွေးခန်းခြောက်ခြင်းသည် ခံတွင်းရှိ ဘက်တီးရီးယားပိုးမွှားများကို ပိုမိုများပြားလာစေပြီး ယင်းတို့မှ အငွေ့ပျံလွယ်သော ဆာလ်ဖာဒြပ်ပေါင်းတစ်မျိုးကို စွန့်ထုတ်သဖြင့် ထိုဒြပ်ပေါင်း၏ အနံ့နှင့် ဆေးလိပ်မီးခိုးအနံ့တို့ကြောင့် ဆေးလိပ်သောက်သူတို့တွင် ဆိုးရွားသည့် ခံတွင်းအနံ့ကို ဖြစ်စေပါသည်။

ဆေးလိပ်ကို နှစ်ရှည်လများသောက်သုံးသူတို့တွင် လျှာနှင့်အာခေါင်ရှိ နူးညံ့သော အမြှေးပါးသည် ပိုမိုထူထဲလာပြီး အနံ့အရသာကို စူးရှစွာ ခံစားနိုင်မှုလည်း လျော့ပါးလာသည်။ ဆေးလိပ်သောက်ခြင်းကြောင့် တံတွေးခန်းခြောက်လျှင် ခံတွင်း၌ အောက်ဆီဂျင်မလိုသော ပိုးမွှားများ ပိုမိုများပြားလာပြီး ယင်းပိုးမွှားများကြောင့် သွားဖုံးတွင် ရေစီးကမ်းပြိုရောဂါ ဖြစ်နိုင်ပေရာ ဆေးလိပ်သောက်သူများသည် မသောက်သူထက် ဆိုးရွားသည့် ရေစီးကမ်းပြိုရောဂါ ဖြစ်စေနိုင်သော အန္တရာယ်မှာ ငါးဆမှအဆနှစ်ဆယ် ပိုမိုနိုင်ကြောင်း သုတေသနစာတမ်းများ၌ ဖော်ပြထားပါသည်။

ဆေးလိပ်သောက်သူများတွင် သွားဖုံး၌လည်းကောင်း၊ ဆေးတံသောက်သူများတွင် ဆေးတံငုံခဲလေ့ရှိသည့် ပါးစပ်ဘက်ခြမ်းရှိ နှုတ်ခမ်းထောင့်နှင့်ပါးစောင်အမြှေးပါး၌လည်းကောင်း တွေ့ရလေ့ရှိသည့်ပုံသဏ္ဌာန်မမှန်သော အညိုရင့်ရောင်အကွက်များကို Smoker's melanosis ဟုခေါ်ပါသည်။ ၎င်းသည်ဆေးရွက်ကြီး မီးလောင်ရာမှ ထွက်ရှိသော နီကိုတင်းဓာတ်၏ လှုံ့ဆော်မှုကြောင့် ခံတွင်းတွင် “မယ်လာနင်”ဟု ခေါ်သည့် ရောင်ခြယ်ပစ္စည်းများ ပိုမိုထွက်လာပြီး သွားဖုံးနှင့် ခံတွင်း အမြှေးပါး၌ အညိုရင့်ရောင်အကွက်များ ပေါ်လာခြင်းဖြစ်သည်။ ယင်းတို့ကို ဆေးလိပ်သောက်သည့် အမျိုးသမီးများ၏သွားဖုံး၌ ပိုမိုထင်ရှားစွာ တွေ့မြင်နိုင်ပြီး ဆေးလိပ်ဖြတ်လိုက်သည်နှင့် လပိုင်းအတွင်းအလိုအလျောက် ပျောက်ကွယ်သွားနိုင်ပါသည်။ ဆွီဒင်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့တွင် ဆေးလိပ်သောက်သူ လူလတ်ပိုင်းအများစု၏ခံတွင်း၌ Smoker's melanosis များ ဖြစ်လျက်ရှိကြောင်း မှတ်တမ်းများတွင် ဖော်ပြထားပါသည်။

ထို့ပြင် ဆေးလိပ်သောက်သူများ၏ အာခေါင်၌ nicotine stomatitis ဟုခေါ်သည့် အဖြူကွက်များလည်း မြင်တွေ့နိုင်သည်။ အထူးသဖြင့် ဆေးပြင်းလိပ်နှင့် ဆေးတံသောက်သူများ၏ အာခေါင်သည်

ဆေးလိပ်ကို နှစ်ရှည်လများ သောက်သုံးသူတို့တွင် လျှာနှင့်အာခေါင်ရှိ နူးညံ့သော အမြှေးပါးသည် ပိုမိုထူထဲလာပြီး အနံ့အရသာကို စူးရှစွာ ခံစားနိုင်မှုလည်း လျော့ပါးလာသည်။ ဆေးလိပ်သောက်ခြင်းကြောင့် တံတွေးခန်းခြောက်လျှင် ခံတွင်း၌ အောက်ဆီဂျင်မလိုသော ပိုးမွှားများ ပိုမိုများပြားလာပြီး ယင်းပိုးမွှားများကြောင့် သွားဖုံးတွင် ရေစီးကမ်းပြိုရောဂါ ဖြစ်နိုင်ပေရာ ဆေးလိပ်သောက်သူများသည် မသောက်သူထက် ဆိုးရွားသည့် ရေစီးကမ်းပြိုရောဂါ ဖြစ်စေနိုင်သော အန္တရာယ်မှာ ငါးဆမှ အဆနှစ်ဆယ် ပိုမိုနိုင်။

ဖြူဖျော့တွန့်ခေါက်ကြမ်းတမ်းလျက် အလယ်တွင် အနီစက်များပါသော မီးခိုးရောင်ဖျော့ဖျော့ အဖုငယ်လေးများ ထင်ရှားပျံ့နှံ့နေပါသည်။ ယင်းလက္ခဏာသည် အမျိုးသားများတွင် အဖြစ်များပြီ ဆေးလိပ်၊ ဆေးတံသောက်ခြင်းကို ဖြတ်လိုက်လျှင် လပိုင်းအတွင်း အလိုအလျောက် ပျောက်ကင်းနိုင်ပါသည်။ အမေရိကတောင်ပိုင်း၊ အိန္ဒိယနှင့် အရှေ့တောင်အာရှရှိ အချို့ဒေသတို့တွင် ဆေးလိပ်မီးကို ပါးစပ်အတွင်းဘက်ငုံပြီး ဆေးလိပ်ပြောင်းပြန်ရှူသည့် ဓလေ့ရှိကြရာ ထိုသူ၏အာခေါင်၌ nicotine stomatitis ကို ပိုမိုဆိုးရွားထင်ရှားစွာ တွေ့မြင်နိုင်သည်။ ယင်းလက္ခဏာသည် အာခေါင်အနောက်ဘက် လည်မြိုအဝနှင့် ပါးစောင်အနောက်ဘက်သို့ ပျံ့နှံ့ဖြစ်ပွားနေလျှင် ဆေးလိပ်ဖြတ်သော်လည်း အလိုအလျောက် မပျောက်ကင်းနိုင်တော့ဘဲ ခံတွင်းကင်ဆာအဖြစ်သို့ ပြောင်းလဲသွားနိုင်ပါသည်။

မီးခိုးမထွက်သော ဆေးရွက်ကြီးသုံးစွဲမှုသည် ဆေးလိပ်သောက်ခြင်းကဲ့သို့ ကမ္ဘာတွင် ပျံ့နှံ့နေသည့်ဓလေ့ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ဆေးရွက်ကြီးသက်သက်ကို ငုံဝါးလေ့ရှိသူ လူလတ်ပိုင်းအရွယ်မှာ ပျမ်းမျှ ခြောက်ရာခိုင်နှုန်းခန့်ရှိပြီး လူငယ်များ၌ ၁၀ရာခိုင်နှုန်းအထက်ရှိကြောင်း၊ အထူးသဖြင့် အရှေ့တောင်နှင့် အနောက်အလယ်ပိုင်းပြည်နယ်များ၌ ၂၀ ရာခိုင်နှုန်းခန့်အထိ ရှိကြောင်း မှတ်တမ်းများတွင် ပါရှိပါသည်။ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အရှေ့တောင်အာရှဒေသတို့တွင် ဆေးရွက်ကြီးကို ကွမ်းယာ၌ ထည့်၍စားသုံးသည့် ဓလေ့သည် ထွန်းကား ပျံ့နှံ့လျက်ရှိပြီး အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ၌ပင် ကွမ်းယာစွဲသူဦးရေ သန်းပေါင်း ၁၀၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဖော်ပြထားပါသည်။

ဆေးရွက်ကြီး ငုံဝါးလေ့ရှိသူတို့၏ ခံတွင်းတွင် ဆေးရွက်ကြီး၌ ပါဝင်သော ဓာတုပစ္စည်းများကြောင့် အမြဲတမ်းငုံလေ့ရှိသည့် ပါးစောင်အနီးရှိသွားဖုံးသားသည် အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ကျလာပြီး သွားခြေများပေါ်စေသည်။ ငုံသည့်ဆေးရွက်ကြီးကို အနံ့အရသာ ကောင်းစေရန် သကြား၊ အနံ့အမျိုးမျိုးတို့ဖြင့် ပြုပြင်လေ့ရှိရာ ဆေးငုံလျှင် ဆေးရွက်ကြီး၌ ပေါင်းစပ်ပါဝင်သော သကြားဓာတ်ကြောင့် အခြေပေါ်နေသည့် သွားများတွင် သွားပိုးစားမှု ဖြစ်လွယ်စေနိုင်ပါသည်။

ဆေးရွက်ကြီးငုံလေ့ရှိသူများတွင် ဆေးရွက်ကြီးနှင့် တိုက်ရိုက်ထိတွေ့သည့် ပါးစောင်အောက်ခြေ အမြှေးပါးနေရာ၌ အရည်လဲ့ပြီး နူးညံ့သော လှိုင်းတွန့်သဏ္ဌာန် မီးခိုးရောင်သန်းသည့် အဖြူကွက်များ ဖြစ်လေ့ရှိရာ ယင်းကို Smokeless tobacco keratosis ဟုခေါ်ပါသည်။ ယင်းအဖြူကွက်များသည် နာကျင်မှုမရှိသဖြင့် သတိမမူမိဘဲရှိတတ်သည်။ မှတ်တမ်းများအရ အနောက်တိုင်းဒေသတွင် ဆေးရွက်ကြီးဝါးလေ့ရှိသူများ၏ ၁၅ရာခိုင်နှုန်းနှင့် ဆေးရွက်ကြီးအမှုန့်ငုံလေ့ရှိသူများ၏ ၆၀ ရာခိုင်နှုန်း၌ ယင်းအဖြူကွက်များ ဖြစ်လျက်ရှိသည်။ အိန္ဒိယနှင့် အရှေ့တောင် အာရှဒေသတွင်လည်း ဆေးရွက်ကြီးပါဝင်သော ကွမ်းစားသူများ၌ ယင်းအဖြူကွက်များ အဖြစ်များပါသည်။ ဆေးငုံခြင်း၊ ဝါးခြင်း၊ ကွမ်းစားခြင်း ဓလေ့ကို ရပ်စဲလိုက်လျှင် နှစ်ပတ်မှခြောက်ပတ်အတွင်း ယင်းအဖြူကွက်များသည် မူလပါးစောင် အမြှေးပါးအတိုင်း ပြန်ကောင်းသွားနိုင်သည်။ အကယ်၍ ခြောက်ပတ်ကျော်သည်အထိ ယင်းအဖြူကွက် မပျောက်လျှင် ရှေ့ပြေး ကင်ဆာအနာအဖြစ်သို့ ပြောင်းလဲမှု သံသယရှိနိုင်သဖြင့် အသားစယူ၍ စစ်ဆေးကုသမှုကို ပြုလုပ်သင့်ပါသည်။

ဆေးရွက်ကြီးကို ကွမ်းယာတွင် ကွမ်းသီး၊ ထုံးတို့နှင့် စပ်ဟပ်စားသုံးလေ့ရှိသူများ၏ ခံတွင်း၌ တွေ့မြင်နိုင်သည့် လက္ခဏာတစ်ရပ်မှာ oral submucous fibrosis ဟုခေါ်သော ရှေ့ပြေးကင်ဆာအနာဖြစ်သည်။ ယင်းအနာသည် တောင်အာဖရိက၊ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသတို့တွင် အဖြစ်များပြီး ဖြစ်ပွားနှုန်းမှာ ကွမ်းစားလေ့ရှိသူများ၏ ၁ဒသမ၂ ရာခိုင်နှုန်းရှိကြောင်း မှတ်တမ်းများ၌ ဖော်ပြပါသည်။ ယင်းအနာသည် ဖြစ်ခါစတွင် ခံတွင်း၌ ပူသောခံစားမှုရှိပြီး ပါးစောင်တွင် အရည်ကြည်ဖုငယ်များ၊ အနီကွက်များဖြစ်လေ့ရှိသည်။ တံတွေးခန်းခြောက်ပြီး အရသာခံစားမှုလည်း တစ်စတစ်စလျော့ပါးလာသည်။ ခံတွင်းအမြှေးပါးသည် ပျော့ပျောင်းရာမှ တဖြည်းဖြည်း ထူထူတင်းတင်းဖြစ်လာပြီး အရောင်အသွေး ဖျော့တော့လာသည်။ နောက်ပိုင်းတွင် ပါးစောင်နှင့်အံသွားများကြား၌ ကျပ်တည်းကျဉ်းမြောင်းလာပြီး ပါးစပ်ကျယ်ကျယ် မဟနိုင်သည့် အနေအထားဖြစ်လာပါသည်။ ယင်းအခြေအနေတွင် ကွမ်းစားသည့် ဓလေ့ကို ရပ်သော်ငြားလည်း ခံတွင်းသည် မူလအတိုင်း ပြန်မကောင်းနိုင်တော့သဖြင့် ကုသမှုကို အချိန်မီခံယူရန် လိုအပ်ပါသည်။

Oral lichen planus ဟူသည် ဆေးလိပ်သောက်သူထက် ဆေးရွက်ကြီးငုံဝါးလေ့ရှိသူ၊ ဆေးရွက်ကြီးကို ကွမ်းယာတွင်ထည့်စားလေ့ရှိသူများ၏ ခံတွင်း၌ တွေ့ရလေ့ရှိသည့် ရှေ့ပြေးကင်ဆာအနာ တစ်မျိုးဖြစ်ပြီး ဖြစ်ခါစတွင် နာကျင်မှုမရှိသော ကွန်ရက်ပုံအဖြူလိုင်းငယ်လေးများ သဏ္ဌာန်ရှိ၍ အလယ်၌ အဖုငယ်လေးများရှိပြီး အနာသည် ဖြစ်လိုက်ပျောက်လိုက်ဖြစ်တတ်သည်။ တစ်ခါတစ်ရံတွင် ဘေးပတ်လည်၌ အဖြူလိုင်းငယ်များ ဖြာထွက်နေသော နာကျင်နီရဲသည့် အနာအဖြစ် တွေ့ရတတ်သည်။ အနောက်တိုင်းဒေသများတွင် ယင်းအနာဖြစ်ပွားနှုန်းသည် ဆေးရွက်ကြီး သုံးစွဲသူများ၏ ၀ဒသမ၁ရာခိုင်နှုန်းမှ ၀ဒသမ၆ရာခိုင်နှုန်းရှိပြီး အိန္ဒိယတွင် ၀ဒသမ၀၂ရာခိုင်နှုန်းမှ ၀ဒသမ၄ရာခိုင်နှုန်းအထိ ရှိပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၂ခုနှစ်က လူဦးရေ ၆၀၀၀ကို လေ့လာခဲ့သော စာတမ်းတစ်စောင်၌ oral lichen planus ဖြစ်ပွားနှုန်းသည် ၀ဒသမ၄ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားပါသည်။

ဆေးလိပ်သောက်သူနှင့် ဆေးရွက်ကြီးငုံဝါးလေ့ရှိသူတို့၏ ခံတွင်း၌ ဖြစ်တတ်သည့် အနာနောက်တစ်မျိုးမှာ Leukoplakia ဟု ခေါ်သော ရှေ့ပြေးကင်ဆာ အနာဖြစ်သည်။ ယင်းအနာ၏ လက္ခဏာမှာ နာကျင်မှုကင်းမဲ့ပြီး မျက်နှာပြင်ကြမ်းတမ်းထူပိန်း၍ အတွန့်အခေါက် အကွဲကြောင်းများပါရှိသော အဖြူကွက်ဖြစ်သည်။ လက်နှင့်ပွတ် ကြည့်လျှင် အနာဖေးမကွာနိုင်သောအနာဖြစ်ပြီး အချို့တွင် အနီစက်ငယ်များပြန့်ကြဲနေသည့် အနီကွက် erythroplakia အဖြစ် ပြောင်းလဲသွားတတ်သည်။ Erythroplakia သည် leukoplakia ထက် ခံတွင်းကင်ဆာအသွင်သို့ ပြောင်းလဲသွားနိုင်သည့် အလားအလာ ပိုများပါသည်။ Leukoplakia သည် ဆေးလိပ်သောက်သူများတွင် ၅ဒသမ ၃ ရာခိုင်နှုန်း၊ ဆေးရွက်ကြီး ငုံဝါးလေ့ရှိသူများတွင် ၁ဒသမ၂ရာခိုင်နှုန်း၊ ဆေးရွက်ကြီးပါသော ကွမ်းစားလေ့ရှိသူများတွင် ၁ဒသမ၈ရာခိုင်နှုန်းနှင့် ဆေးလိပ်လည်းသောက်၊ ကွမ်းလည်းစားသူများတွင် ၆ဒသမ၁ရာခိုင်နှုန်း ဖြစ်ပွားကြောင်း စာတမ်းများ၌ ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ရှေ့ပြေးကင်ဆာအနာများသည် အချိန်မီ စစ်ဆေးကုသမှုကို ခံယူသင့်သော အနာများဖြစ်ပြီး အကယ်၍ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကို မရပ်စဲလျှင် ယင်းအနာများ၏ အဆုံးသတ်နိဂုံးမှာ အသက်အန္တရာယ်ကို ဒုက္ခပေးနိုင်သည့် ခံတွင်း ကင်ဆာအဖြစ်သို့ ဦးတည်ပါသည်။ ခံတွင်းကင်ဆာသည် ကမ္ဘာတွင် အဋ္ဌမမြောက်အဖြစ်အများဆုံး ကင်ဆာဖြစ်ပြီး တောင်အလယ်ပိုင်း အာရှဒေသ၌ အဖြစ်အများဆုံး ကင်ဆာသုံးမျိုးအနက် တစ်မျိုးအပါ အဝင်ဖြစ်သည်။ ခံတွင်းကင်ဆာသည် အမျိုးသားများတွင် အဖြစ်များပြီး အမျိုးသားဦးရေ တစ်သိန်းလျှင် တစ်ဦးမှဆယ်ဦးနှုန်း ဖြစ်ပွားလျက်ရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ခံတွင်းကင်ဆာဖြစ်ပွားနှုန်း ပိုမိုမြင့်မားနေပြီး အိန္ဒိယ၌ လူဦးရေတစ်သိန်းလျှင် ၁၂ဒသမ၆ဦးနှုန်း ဖြစ်ပွားလျက်ရှိပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ခံတွင်းရောဂါများ အပါအဝင် ခန္ဓာကိုယ်အနှံ့ရောဂါမျိုးစုံ ပျံ့နှံ့ဖြစ်ပွားလျက် သေဆုံးမှုနှုန်းမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကို မထိန်းချုပ်လျှင် ၂၀၂၀ပြည့်နှစ်တွင် လူပေါင်း ဆယ်သန်းခန့်သည် ဆေးရွက်ကြီးကြောင့် သေဆုံးကြရမည်ဖြစ်ပြီး ယင်းတို့အနက် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခုနစ်သန်းခန့် အသက်ဆုံးရှုံးလိမ့်မည်ဟု ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားပါသည်။ သို့ဖြစ်ရာ ခံတွင်းကျန်းမာရေး အပါအဝင် ကိုယ်ခန္ဓာကျန်းမာရေးအား ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းဟူသော အမူအကျင့်ကို အချိန်မီ ဆင်ခြင်သုံးသပ်၊ နှစ်ခြိုက်စွဲလမ်းမှုကို အလျှင်းဖြတ်ကာ အမြန်ဆုံး ရပ်တန်းက ရပ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည့်လုပ်ငန်းများ အားနည်းချက်၊ အားသာချက်များ လေ့လာဖော်ထုတ် နှစ်သစ်တွင် လုပ်ဆောင်သင့်သည့်လုပ်ငန်းများ သတ်မှတ်

ရန်ကုန် မေ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်(နှစ်ချုပ်)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၆ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ညီလက်ညီကြိုးပမ်း

ရှေးဦးစွာ ပြည်နယ်၊တိုင်း၊ မြို့နယ်များတွင် သွားရောက် တာဝန်ထမ်းဆောင်မည့် တာဝန်ခံအရာရှိများကတစ်ဦးချင်း သတင်းပို့ မိတ်ဆက်ကြသည်။ ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် အကောက်ခွန် ဦးစီးဌာန၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် (နှစ်ချုပ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဘဏ္ဍာရေးနှစ်အတွင်းအကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးမှုများ ပြုလုပ်ပြီး ဘဏ္ဍာရေးနှစ်သစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်သည့် လုပ်ငန်းများ၊ အစီအမံများကို သတ်မှတ် လျာထားသွားကြရန်လိုကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနသည် ကုန်သွယ်မှု လုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပ ပို့ကုန်၊ သွင်းကုန်များကို ကြပ်မတ်စစ်ဆေးပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရှာဖွေပေးရသည့် ဌာနဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ဝန်ထမ်းအားလုံး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်သိစွာ၊ ဖြောင့်မတ် မှန်ကန်စွာ တာဝန် ထမ်းဆောင်ကြရန် အထူးမှာကြားလိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက် အောင်မြင်စေရန်အတွက် ဌာနအတွင်း၌သာမက အခြားဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်းလုံးညီညွတ်စွာ တက်ညီလက်ညီကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အကောက်ခွန် ဝန်ထမ်းတိုင်းသည် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရန်နှင့် ပြည်သူများနှင့် ဆက်ဆံရာတွင် လည်းကောင်း၊ ဝန်ထမ်းအချင်းချင်း ဆက်ဆံရာတွင် လည်းကောင်း မာန်မာနမထားကြရန် ဖြစ်ကြောင်း၊ ဆက်ဆံရေးပြေပြစ်မှသာလုပ်ငန်းတိုင်းတွင် အခက်အခဲမရှိ အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်း**(အပေါ်ပုံ)**နှင့် အေးရှားဝေါလ် ကုန်သေတ္တာစခန်းတို့သို့ ရောက်ရှိ စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် အမျိုးသား၊ အမျိုးသမီးသက်တမ်းအလိုက် ရေကူးပြိုင် အမျိုးသားမီတာ ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ရဲမြင့်ဟိန်း စံချိန်သစ်တင်

ရန်ကုန် မေ ၂၉

၂၀၀၆ခုနှစ် အမျိုးသား၊ အမျိုးသမီး သက်တမ်းအလိုက် ရေကူးပြိုင်ပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီက ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများကျင်းပ

ပထမနေ့ပွဲစဉ်များအဖြစ် အကြီးတန်းအမျိုးသားခြောက်ပွဲ၊ အမျိုးသမီးတစ်ပွဲ၊ အသက်(၁၅၊၁၆၊၁၇) နှစ်တန်း အမျိုးသားနှစ်ပွဲ၊ အမျိုးသမီးနှစ်ပွဲ၊ အသက်(၁၃၊၁၄) နှစ်တန်း အမျိုးသားခုနစ်ပွဲ၊အမျိုးသမီးခုနစ်ပွဲ၊ အသက် (၁၁၊၁၂)နှစ်တန်းအမျိုးသားခြောက်ပွဲ၊ အသက်(၉၊၁၀)နှစ်တန်း အမျိုးသားငါးပွဲ၊အမျိုးသမီးတစ်ပွဲ၊ အသက်(၈)နှစ်အောက် အမျိုးသားသုံးပွဲ၊ အမျိုးသမီးသုံးပွဲ၊စုစုပေါင်း၄၃ပွဲကျင်းပ သည်။

ဆုချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားအကြီးတန်း မီတာ ၄၀၀အလွတ်ကူးပြိုင်ပွဲနှင့်မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ ဆုရရှိသူများကို အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က အမျိုးသားအသက် (၁၃၊၁၄) နှစ်တန်း မီတာ၄၀၀ အလွတ်ကူးပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီး (၁၃၊၁၄)နှစ်တန်း မီတာ၄၀၀အလွတ်ကူးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသမီး(၁၃၊၁၄)နှစ်တန်း မီတာ ၂၀၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊အမျိုးသားမီတာ ၂၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲနှင့် အမျိုးသား (၁၁၊၁၂)နှစ်တန်း မီတာ ၂၀၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသား(၁၁၊၁၂)နှစ်တန်း မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများပေးအပ်ချီးမြှင့်ကြသည်။ ကျန်ပြိုင်ပွဲများ၌ ဆုရရှိသူများအား အားကစားဝန်ကြီးဌာနနှင့် ရေကူးအဖွဲ့ချုပ်မှတာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

စံချိန်သစ်တင်

အမျိုးသား(၁၃၊၁၄)နှစ်တန်း မီတာ ၂၀၀ ရင်ပေါင်တန်း ကူးပြိုင်ပွဲတွင် စံချိန်သစ်တင်နိုင်ခဲ့ရာ ပထမဆုရရှိသွားသည့် ရဲမြင့်ဟိန်းက ၂၀၀၁ ခုနှစ်က ထူးအောင်မော် တင်ထားသည့်၂မိနစ်၄၉ဒသမ၄၆စက္ကန့်ကို ၂မိနစ်၄၀ဒသမ၆၉စက္ကန့်ဖြင့် စံချိန်ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

မေ၂၈ရက်က ဆူးလေစေတီတော် ဘက်စုံ မွမ်းမံပြန်လည်တည်ဆောက်ရေး စီမံကိန်း ရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်း၊ရွှေစင်ရွှေပြား၊ ရွှေသင်္ကန်းတော်နှင့်အလှူတော်ငွေ ပေးအပ်ပွဲကို ဆူးလေစေတီတော် ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ရန်ကုန်အဝေးသင်တက္ကသိုလ် ကျောင်းသူကျောင်းသားများအတွက် ဗုဒ္ဓဘာသာအသင်းမှ လှူဒါန်းသည့် ရွှေစင်၊ ရွှေသား တစ်ကျပ်သားကိုးလက်မပတ်လည်သုံးချပ်ကို ရွှေသင်္ကန်းကပ်လှူရေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးအုန်းမောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သုံးထပ်ကျောင်းဆောက်လုပ်ရေးငွေလှူဒါန်း

ရန်ကုန် မေ ၂၉

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မင်္ဂလာစံကျောင်း ထေရာဝါသ သုံးထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် အလှူငွေများပေးအပ်ပွဲကို မေ ၂၇ရက်က ကျင်းပရာ သုံးထပ်ကျောင်းဆောက်လုပ်ရေးအတွက် ရှမ်းဆရာကြီး ဦးစိုင်းမိသားစုကအလှူငွေကျပ် ခြောက်သိန်း၊ (ဦးကိုကိုလွင်)-ဒေါ်နုနုအေး မိသားစုက အလှူငွေကျပ်ငါးသိန်းငါးသောင်းနှင့် အငြိမ်းစားကျောင်းအုပ် ကြီး ဦးစိုးတင့်နှင့် စင်ကာပူရောက် သားသမီးများက အလှူငွေကျပ်တစ်သိန်းငါးသောင်းတို့ကိုပေးအပ်လှူဒါန်းကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ **(၃၅၂)**

လျှပ်စစ်အန္တရာယ် နှိုးဆော်ချက်

၁။ ယခုကဲ့သို့ မိုးရာသီအချိန်တွင် ဓာတ်လိုက်မှုကြောင့် အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်သူလူထုအား ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် အောက်ပါအချက်များကို သတိပြုကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) အသုံးပြုသော ဝိုင်ယာကြိုးများ ဆွေးမြည့်ပေါက်ပြဲနေခြင်း၊
(ခ) ဆားဗစ်ကြိုးပေါက်၍ ဆားဗစ်ကြိုးကို ပူးတွဲချည်ထားသော ဝန်ထမ်းကြိုးတွင် ဓာတ်အားစီးဝင်နေခြင်း၊
(ဂ) မိုးဒဏ်လေဒဏ်ကြောင့် ဓာတ်ကြိုးများပြတ်ကျနေခြင်း၊
(ဃ) ဓာတ်အားလိုင်းပေါ်သို့ သစ်ပင်ပြိုလဲကျနေခြင်း၊
(င) ဓာတ်အားလိုင်းပေါ်သို့ သစ်ကိုင်းကျိုးကျနေခြင်း၊
(စ) ဓာတ်ကြိုးနှင့် သစ်ကိုင်းထိနေခြင်း၊
(ဆ) ဓာတ်တိုင် ကားတိုက်ခံရ၍ လဲကျနေခြင်း၊
(ဇ) ဓာတ်ကြိုးများရှော့ဖြစ်ပြီး မီးများပန်းထွက်နေခြင်း၊
(ဈ) ဓာတ်ကြိုးများ လျော့ကျနေခြင်း၊
(ည) ဓာတ်တိုင်ပေါ်သို့ တာဝန်ရှိသူမဟုတ်ဘဲ တက်ရောက်ခြင်း၊
(ဋ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၂။ အထက်ပါအချက်များဖြစ်ပေါ်နေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ အမြန်ဆုံးဆက်သွယ် အကြောင်းကြားကြပါရန်။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း။

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း (အရိယာ ဓမ္မာရုံ) တွင် သံဃာတော်များနှင့် ယောဂီများအသုံးပြုရန် ရေခဲသေတ္တာတစ်လုံးကို ရန်ကင်းမြို့နယ် (၁၂) ရပ်ကွက် အမှတ် ၂၈၄ သစ္စာလမ်းနေ ဖခင် ဦးစိုးလွင်-မိခင်ဒေါ်ခင်ဖြိုးတို့အား ရည်စူး၍ သမီး ဒေါ်ထက်သီဂီလင်း၊ဒေါ်မို့မို့လွင်သိန်း၊ ဒေါ်သင်းစန္ဒာကျော်(လင်းစတိုး) မိသားစုက လှူဒါန်းရာအရိယာဓမ္မာရုံနာယကဦးကိုကိုကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (က-ပ)

လှိုင်သာယာမြို့နယ်အတွင်း ပဒဲကျေးရွာအုပ်စုတွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို မေ ၂၁ ရက်က ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ အုပ်စုများမှ ဥက္ကဋ္ဌများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း စိုက်ပျိုးကြစဉ်။ (၁၈၀)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၃၀–၅–၂၀၀၆
(အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သုံးစွဲမနေးမြန်မာ့တိုင်းရင်းဆေး(တပင်တိုင်မြနန်း)
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ဂုဏ်ယူစရာ လက်မှုအတတ်ပညာ
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	Sunday Talk
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	ပုညခင်၏ အုပ်(၅၀)ပြည့် အခမ်းအနား(မိန်းမတစ်ယောက် ရဲ့ အတ္ထုပ္ပတ္တိ–လုံးချင်းစာအုပ် ထုတ်ဝေသည့် စာနယ်ဇင်း မိတ်ဆက်ပွဲ)
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	Sport-Pro
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းစျာန်သစ် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၀း၄၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ(ရဲယိုရွက်နှင့် ငါးခူစဉ်းကောဆီပြန်ဟင်း)
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ဘော်ဘင်ရေလှောင်တမံ
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	သန့်ရှင်းငြိမ်သက်တွက်ခြေကိုက်ဖို့သဘာဝဓာတ်ငွေ့ သုံးကြစို့
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	မြန်မာ့ပုလဲလေလံပွဲ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)
ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက် ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

မေ ၂၅ရက်က တာမွေမြို့နယ် ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို အထက (၁)တာမွေတွင်ကျင်းပရာ မအူကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းသော်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းလှဲ့တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၅)

တိရစ္ဆာန်ဆေးပညာကောင်စီ ဖွဲ့စည်းမည်
ရွေးချယ်တင်မြှောက်ခံရန် အမည်စာရင်းတင်သွင်းနိုင်

ရန်ကုန် မေ ၂၉

တတိယအကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီကိုဖွဲ့စည်းရန် တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)နှင့် တိရစ္ဆာန်ဆေးပညာကောင်စီ နည်းဥပဒေများ၊ နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ(ခ)နှင့် (ဂ)တို့အရ ကောင်စီဝင်ခုနစ်ဦး ရွေးချယ်တင်မြှောက်ရာ၌ ရွေးချယ်တင်မြှောက်ခံရန် ဆန္ဒရှိသော မှတ်ပုံတင်တိရစ္ဆာန်ဆေးကုဆရာဝန်များသည် နည်းဥပဒေ–၆ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက အမည်စာရင်းတင်သွင်းနိုင်ရန် အမည်စာရင်းတင်သွင်းလွှာပုံစံ(၂)ကို ရန်ကုန်မြို့ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီရုံးနှင့် ပြည်နယ်၊ တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့တွင် လာမည့် ဇွန် ၇ ရက်မှ ၁၂ ရက်အတွင်း ရယူနိုင်ပြီး ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီရုံး ဖုန်း–၆၄၄၃၀၈ သို့ လာမည့် ဇွန် ၃၀ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အမျိုးသား အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အမျိုးသားရေကူးကန်၌ ကျင်းပရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပထမရရှိသော အမျိုးသားအားကစားသမားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရော်နယ်ဒို၊ ရှက်ဗ်ချင်ကိုနှင့် ဘောလက်တို့ အပါအဝင် နိုင်ငံကိုယ်စားပြု ကစားသမားများ ကမ္ဘာ့ဖလားအမီ ပါဝင်နိုင်မည်လော

စုစည်းတင်ပြသူ–မြင့်မောင်စိုး

လန်ဒန် မေ ၂၉

ရွှန်နေ၊ ရော်နယ်ဒို၊ ရှက်ဗ်ချင်ကိုနှင့် ဘောလက်တို့သည် ကမ္ဘာ့ဖလားပွဲအချိန်မီ ဒဏ်ရာများ ပြန်ကောင်းရန် ကြိုးစားနေကြရသည်။

အိမ်ရှင်ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ဂျီနီဗာဂျူနီယာအသင်းနှင့် ကမ္ဘာ့ဖလားပွဲကြိုချစ်ကြည်ရေးကစားရာတွင် တံကောက်ကြောနာသွား၍ စိုးရိမ်နေရသည့် အခြေအနေ၌ ရှိသည်။

ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒိုနှင့် ယူကရိန်းအသင်းခေါင်းဆောင် ရှက်ဗ်ချင်ကိုတို့သည် အုပ်စုပွဲအမီ ဒဏ်ရာများပြန်ကောင်းရန် ကြိုးစားနေရသည်။ ရော်နယ်ဒိုသည် စပိန်လိဂ် နောက်ဆုံးပွဲ ရီးရဲမက်ဒရစ်နှင့် ဆိုစီဒက်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲပြီး နောက်တစ်ပွဲမျှ ပါဝင်ကစားနိုင်ခြင်း မရှိသေးချေ။ ထိုပွဲတွင် ၎င်းသည် ပေါင်တွင် ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

၎င်းသည်ဆွစ်ဇာလန်နိုင်ငံဝက်ဂစ် လေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ သို့ရာတွင် လာမည့် သီတင်းပတ်များအတွင်း အလုံးစုံပြန်ကောင်းလိမ့်မည်မဟုတ်ဟု ဆိုသည်။

ယူကရိန်းတိုက်စစ်မှူးရှက်ဗ်ချင်ကိုသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်နိုင်ရန်အတွက် ခြောက်ဂိုးသွင်းပြီးအသင်းကို ဦးဆောင်လာခဲ့သည်။ သို့ရာတွင် ဒူးခေါင်းဒဏ်ရာတိုးတက်မှုရှိသော်လည်း အချိန်မီပြန်မကောင်းမည်ကို ပူပန်နေရသည်။

ကမ္ဘာ့ဖလားပွဲတိုင်းတွင် ထိုကဲ့သို့ နာမည်ကြီး ဘောလုံးသမားများ ဒဏ်ရာ မပျောက်ခင် ဝင်ကစားခဲ့၍ အသင်းများရှုံးပွဲနှင့်ရင်ဆိုင်ရပြီး ပြိုင်ပွဲမှ ထွက်သွားရသည့် သာဓကများစွာ ရှိခဲ့ဖူးသည်။

အလားတူ ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ဒဏ်ရာကြောင့် အချိန်မီပြန်ကောင်းရေးအတွက် ကြိုးစားနေရသူများမှာ ဩစတြေးလျမှ ကီးဝဲလ်လည်း ပါဝင်သည်။ ၎င်းသည် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ဝက်စ်ဟမ်းအသင်းနှင့် ပွဲတွင် ပါဝင်ကစားရာ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အဲဗာတန်တွင် ကစားနေသော တင်ကာဟေးလ်မှာခြေမျက်စိ ဒဏ်ရာ လုံးဝ ပြန်ကောင်းသွားပြီ ဖြစ်သည်။

စပိန်အသင်းမှ ချယ်လ်ဆီးနောက်တန်းလူ ဒယ်လ်ဟော်နိုသည်လည်း ဒဏ်ရာရရှိထားသည်။

အာဂျင်တီးနားမှလီယွန်နယ်မက်စီသည် ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပွဲအမီ ပြန်ကောင်းရန် အလွန်စိုးရိမ်နေသည်။ ဘာစီလိုနာတောင်ပံကစားသမား မက်စီသည် မတ် ၇ ရက်က လိဂ်ပွဲစဉ်၌ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန်မှ ဖီးလစ်ဆန်ဒရို့စ်သည် အာဆင်နယ်နှင့် တော့တင်ဟမ်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဒဏ်ရာရခဲ့၍ အချိန်မီပြန်ကောင်းရေး ပူပန်နေရသည်။

အာဆင်နယ် ကွင်းလယ်ကစားသမား ဖရက်ဒရစ်ယွန်းဘတ်လည်း ဒဏ်ရာရထား၍ ဆွီဒင်အသင်းက စိုးရိမ်နေသည်။ ချက်တိုက်စစ်မှူး ဂျန်ခိုလ်လာသည် ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားနှင့် လွဲဖွယ်ရှိနေပေသည်။

(စထရိတ်တိုင်းမ်)

ဂျာမနီနှင့် ဂျီနီဗာဂျူနီယာအသင်းတို့ မေ ၂၅ရက်က ကမ္ဘာ့ဖလားပွဲ အကြိုယှဉ် ပြိုင်ကစားစဉ် ခြေချင်းဝတ်ဒဏ်ရာရပြီး လဲကျနေသော ဂျာမနီအသင်း ခေါင်းဆောင်မိုက်ကယ်ဘောလက်။
(ဓာတ်ပုံ–အင်တာနက်)

အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ရွှေကြက်ယက်ကျောင်းတိုက် ကြေးသွန်းဘုရားကြီးတန်ဆောင်းတော်ကြီးတွင် အသံမစဲမဟာပဋ္ဌာန်း နိဿယပူဇော်ပွဲကြီးကို (၁၃၆၈ခုနှစ် နယုန်လဆန်း ၈ ရက်မှ ၁၂ ရက်) ဇွန် ၃ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ကမ္ဘာ့ဖလားအုပ်စုပွဲ ရွှန်နေပါဝင်နိုင်ဖွယ်မရှိ

လန်ဒန် မေ ၂၉

အင်္ဂလန်တိုက်စစ်မှူးဝိန်းရွှန်နေ ကမ္ဘာ့ဖလားမှထွက်ရတော့မည်လော။

ရွှန်နေ၏ ခြေကျိုးဒဏ်ရာကို ယမန်နေ့က နောက်ဆုံးဓာတ်မှန်ရိုက်ပြီးနောက် အထက်ပါမေးခွန်းများ ပေါ်ထွက်လာခဲ့သည်။

သေချာသည့် အဖြေတစ်ခုကတော့ ရွှန်နေ အင်္ဂလန်အုပ်စုပွဲများတွင် ကစားရန် အချိန်မီပြန်ကောင်းလိမ့်မည်မဟုတ်ဟု ဆိုသည်။ ရွှန်နေသည် လေ့ကျင့်ရေးကွင်းစတင်ဆင်းနိုင်လျှင် ဇွန် ၁၄ ရက်တွင်ထပ်မံ၍ နောက်ဆုံးဓာတ်မှန်ရိုက်ပြီး စစ်ဆေးဖို့လိုကြောင်း မန်ယူက ပြောကြားသည်။

ဆိုလိုသည်မှာ အင်္ဂလန်၏ ကမ္ဘာ့ဖလားအဖွင့် ပါရာဂွေးနှင့်ပွဲ၊ ဇွန် ၁၅ ရက်တွင် ထရီနီဒက်သင်တိုဘာဂိုနှင့်ပွဲများတွင် ရွှန်နေ လွဲနိုင်သည့်အပြင် ဇွန် ၂၀ ရက် အုပ်စုနောက်ဆုံးပွဲ ဆွီဒင်နှင့်ကစားမည့်ပွဲပင်လျှင် လွဲလိမ့်မည်ဟု ဆိုသည်။

အင်္ဂလန်အသင်းအုပ်စုလွန်မြောက်ခဲ့လျှင် ဇွန်၂၄ရက်ပွဲတွင် ပါဝင်ကစားရန် အသင့်ဖြစ်လိမ့်မည်ဟု ဆိုသည်။

သတင်းကောင်းတစ်ခုမှာမူ မန်ယူက ရွှန်နေအား အင်္ဂလန်အသင်းနှင့်အတူ ဇွန် ၅ ရက်၌ ဂျာမနီသို့ လိုက်ပါခွင့်ပြုလိုက်ခြင်းပင် ဖြစ်သည်။

(စထရိတ်တိုင်းမ်)

ဘောလုံးပြိုင်ပွဲရလဒ်ကို ဖန်တီးနိုင်စွမ်းသည့် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ကွင်းလယ်ဒိုင်လူကြီးများ

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၂၉

၂၀၀၆ ဂျာမနီ ကမ္ဘာ့ ဖလား ဘောလုံးပြိုင်ပွဲတွင် တာဝန်ယူကြီးကြပ်မည့် ကွင်းလယ်ဒိုင်လူကြီးများအား ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်မှ (ဖီဖာ) မှ ရွေးချယ်ထားရာ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဇုန်အလိုက် အချိုးကျ ရွေးချယ်ထားခြင်းဖြစ်သည်။

ထိုသို့ ရွေးချယ်ရာတွင် အာဖရိကဇုန်မှ နှစ်ဦး၊ အာရှဇုန်မှ သုံးဦး၊ ဥရောပဇုန်မှ ကိုးဦး၊ မြောက်နှင့်အလယ်ပိုင်း အမေရိကနှင့် ကာရေဘီယံဇုန်မှ သုံးဦး၊ တောင်အမေရိကဇုန်မှ ငါးဦးတို့ဖြစ်သည်။

အကူဒိုင်လူကြီးများမှာ အာဖရိကဇုန်မှ လေးဦး၊ အာရှဇုန်မှ ခြောက်ဦး၊ ဥရောပဇုန်မှ ၁၈ဦး၊ မြောက်နှင့်အလယ်ပိုင်း အမေရိကနှင့် ကာရေဘီယံဇုန်မှ ခြောက်ဦး၊ တောင်အမေရိကန်ဇုန် မှ ၁၀ ဦး၊ အရန်အကူ ဒိုင်လူကြီးများ စုစုပေါင်း ၁၀ ဦးကိုလည်း ရွေးချယ်ထားသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ရွေးချယ်ထားသော ကွင်းလယ်ဒိုင်လူကြီးများအနက် ဇုန်အလိုက်ရွေးချယ်ထားသော ကွင်းလယ်ဒိုင်လူကြီးအချို့အကြောင်းကို အင်တာနက်မှ ရယူဖော်ပြလိုက်ပါသည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်အချို့တွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်မည့် အီဂျစ်ဒိုင်လူကြီး အော်ဘီဒီအီလ်ဖာ့သ်အီဆင်။ (ဓာတ်ပုံ–အင်တာနက်)

အော်ဘီဒီအီလ်ဖာ့သ်အီဆင်

အာဖရိကဇုန်မှ ဖီဖာက ရွေးချယ်ထားသော ကွင်းလယ်ဒိုင်လူကြီးနှစ်ဦးအနက် တစ်ဦးဖြစ်သည်။ အီဂျစ်နိုင်ငံသားဖြစ်ပြီး ၁၉၆၅ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က မွေးဖွားခဲ့သူဖြစ်ရာ အသက်၄၁နှစ်သာရှိသေးသူဖြစ်သည်။ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်၌ ဖီဖာက ခန့်အပ်ခဲ့ပြီး ပထမဆုံး တာဝန်ယူ ကြီးကြပ်ရသည့်ပွဲမှာ ၂၀၀၃ခုနှစ် ဇွန် ၈ရက်က ကစားသည့် မော်ရိုကိုနှင့်ဆီးရီးယားပွဲစဉ်ဖြစ်သည်။ အာရေဗျနှင့် အင်္ဂလိပ်စကားပြောတတ်သူဖြစ်ပြီး အလုပ်အကိုင်မှာ လေယာဉ်မှူးဖြစ်သည်။

အီလ်ဖာ့သ်အီဆင်သည် စာဖတ်ခြင်း၊ တင်းနစ်ကစားခြင်း၊ ဘောလုံးကစားခြင်းတို့ကို ဝါသနာပါသူဖြစ်သည်။

ကွင်းလယ်ဒိုင်လူကြီး အတွေ့အကြုံအဖြစ် ၂၀၀၄ ခုနှစ် အိုလံပစ်ဘောလုံးပွဲစဉ်များ၊ အီဂျစ်ဖလားဘောလုံးပွဲစဉ်များ၊ အာဖရိကဖလားဘောလုံးပွဲစဉ်များ၊ ၂၀၀၅ ခုနှစ်က နယ်သာလန်တွင် ကျင်းပခဲ့သည့် ဖီဖာကမ္ဘာ့လူငယ်များဖလားဘောလုံးပွဲစဉ်များတွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။

အီလ်ဖာ့သ်အီဆင်သည် ဘောလုံးပွဲစဉ်တိုင်းဆုံးဖြတ်ချက် မှန်မှန်ကန်ကန် ချတတ်သူတစ်ဦးဖြစ်ပြီး ပြစ်ဒဏ်ပေးရာတွင်လည်း တိကျသူဖြစ်သည်။ အမှားအမှန်ကိုလည်း လျှပ်တစ်ပြက် ဆုံးဖြတ်နိုင်ပြီး ဘောလုံးပွဲစဉ်တစ်ခုလုံးကို ကောင်းမွန်စွာ စီမံကွပ်ကဲနိုင်သူဖြစ်သည်။

ကာမီကာဝါတိုရူ

အာရှဇုန်မှ ရွေးချယ်ထားသော ကွင်းလယ် ဒိုင်လူကြီးသုံးဦးအနက် တစ်ဦးဖြစ်သည်။ ဂျပန်နိုင်ငံသားဖြစ်ပြီး ၁၉၆၃ခုနှစ် ဇွန် ၈ရက်က မွေးဖွားခဲ့သူဖြစ်ရာ အသက် ၄၃ နှစ်ရှိပြီဖြစ်သည်။ ဖီဖာ၏ကွင်းလယ်ဒိုင်လူကြီးအဖြစ် ၁၉၉၈ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တာဝန်ပေးခြင်းခံရပြီး ပထမဆုံး နိုင်ငံတကာပွဲစဉ်အဖြစ် ၁၉၉၈ခုနှစ် နိုဝင်ဘာ ၈ရက်က ကစားခဲ့သော ဟောင်ကောင်နှင့် အိုမန်တို့ ဘောလုံးပွဲစဉ်၌ စတင် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်အတွက် အာရှဇုန်မှရွေးချယ်ထားသော ဂျပန်ကွင်းလယ်ဒိုင်လူကြီး ကာမီကာဝါတိုရူ။ (ဓာတ်ပုံ–အင်တာနက်)

ကာမီကာဝါတိုရူသည် ဂျပန်စကားအပြင် အင်္ဂလိပ်စကားကိုလည်း ကျွမ်းကျင်စွာပြောတတ်သူဖြစ်ရာ နိုင်ငံတကာ ဘောလုံးသမားများနှင့်ပြောဆိုရာတွင် အဆင်ပြေသူတစ်ဦးဖြစ်သည်။ ၂၀၀၂ ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များ၊ ၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲများ၊ ၂၀၀၅ခုနှစ် ယူ–၁၇ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ၌ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ခဲ့သူဖြစ်သည်။

ဖီဖာအနေဖြင့် ၂၀၀၆ ကမ္ဘာ့ဖလားပွဲစဉ်များတွင် တာဝန်ယူကြီးကြပ်မည့် ကွင်းလယ်ဒိုင်လူကြီးများ၏ အရည်အချင်းကို အသိအမှတ်ပြုထားပြီးဖြစ်ရာ ကာမီကာဝါတိုရူ၏ ဘောလုံးပွဲစဉ်များ ထိန်းသိမ်းကြီးကြပ်မှုကို ကြည့်ရှုရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များအတွက် ဥရောပဇုန်မှ ရွေးချယ်ထားသော ရုရှားကွင်းလယ်ဒိုင်လူကြီး အိုင်ဗင်နော့ဗာလန်တင်။ (ဓာတ်ပုံ–အင်တာနက်)

အိုင်ဗင်နော့ဗာလန်တင်

ရုရှားနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီး ဖြစ်သည်။ ဥရောပဇုန်မှ ကွင်းလယ်ဒိုင်လူကြီး ကိုးဦးအနက် တစ်ဦးဖြစ်ပြီး ၁၉၉၇ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်ကာ ဖီဖာ၏ ကွင်းလယ်ဒိုင်လူကြီး တာဝန်ပေးခြင်းခံရသူဖြစ်သည်။

အိုင်ဗင်နော့ဗာလန်တင်သည် ၁၉၆၁ ခုနှစ် ဇူလိုင် ၄ရက်တွင် မွေးဖွားခဲ့သူဖြစ်ရာ အသက် ၄၅နှစ်ရှိပြီဖြစ်သည်။ ပထမဆုံးကွင်းလယ်ဒိုင်လူကြီးအဖြစ် ၁၉၉၉ ခုနှစ် ဇွန် ၉ ရက်က ကစားခဲ့သော လူဇင်ဘတ်နှင့် ပိုလန်တို့ပွဲစဉ်ဖြစ်ပြီး ပြစ်ဒဏ်ပေးရာတွင် အနီ၊ အဝါများကို အသုံးပြုရန် ဝန်မလေးသူ ဖြစ်သည်။

ရုရှားဘာသာစကားအပြင် အင်္ဂလိပ်ဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောတတ်သူဖြစ်ရာ ဘောလုံးပွဲစဉ်များ၌ ပြစ်ဒဏ်တစ်ခုပေးတိုင်း ဘာကြောင့် ပြစ်ဒဏ်ပေးရသည်ကို သေသေချာချာရှင်းပြသူဖြစ်သည်။ မူလအလုပ်မှာ ကျောင်းဆရာဖြစ်ပြီး ဝါသနာအရ ကွင်းလယ်ဒိုင်လူကြီး လုပ်နေသူဖြစ်သော်လည်း နိုင်ငံတကာဘောလုံးဥပဒေများကို နှံ့စပ်သူဖြစ်ရာ ပြစ်ဒဏ်တစ်ခုပေးတိုင်း အမှားအယွင်းမရှိအောင်ပေးတတ်သူဖြစ်သည်။

အိုင်ဗင်နော့ဗာလန်တင်သည် ယူရို ၂၀၀၄ ဘောလုံးပွဲစဉ်များ၊ ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပွဲစဉ်များအပြင် နိုင်ငံတကာဘောလုံးပွဲစဉ်ပေါင်းများစွာကို တာဝန်ယူကြီးကြပ်ခဲ့ဖူးသည့် အတွေ့အကြုံရှင့် ကွင်းလယ်ဒိုင်လူကြီးတစ်ဦးဖြစ်သည်။ အိုင်ဗင်နော့ဗာလန်တင်၏ ဘောလုံးပွဲစဉ်များကို ကိုင်တွယ် ကြီးကြပ်မှုကို ကမ္ဘာ့ဘောလုံးပရိသတ်ကြီး မြင်တွေ့ရမည်ဖြစ်သည်။

အာချန်ဒိုင်ရာဘီနီတို

မက္ကဆီကိုနိုင်ငံသား ဖီဖာ၏ ကွင်းလယ် ဒိုင်လူကြီးတစ်ဦးဖြစ်ပြီး ၁၉၆၆ ခုနှစ် မတ် ၂၁ရက်တွင် မွေးဖွားသူဖြစ်ရာ အသက် ၄၀ သာရှိသေးသူ ဖြစ်သည်။ ဖီဖာဒိုင်လူကြီးအဖြစ် ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် သတ်မှတ်ခံရသူဖြစ်ပြီး ပထမဆုံးကွင်းလယ်ဒိုင်လူကြီးအဖြစ် ၁၉၉၄ ခုနှစ် မေ ၂၈ ရက်က ကစားခဲ့သော အမေရိကန်နှင့် ဂရိအသင်းတို့ပွဲစဉ်ဖြစ်သည်။ အာချန်ဒိုင်ရာဘီနီတိုသည် ပြစ်ဒဏ်များကို များများပေးတတ်သူဖြစ်သော်လည်း အနီကတ်ကို ထုတ်သုံးမှုနည်းသည့် ဒိုင်လူကြီးတစ်ဦးဖြစ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များအတွက် မြောက်အမေရိက၊ အလယ်ပိုင်းအမေရိကနှင့် ကာရေဘီယံဇုန်မှ ရွေးချယ်ထားသော မက္ကဆီကိုနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီး အာချန်ဒိုင်ရာဘီနီတို။ (ဓာတ်ပုံ–အင်တာနက်)



မိခင်စကားအပြင် စပိန်နှင့် အင်္ဂလိပ်ဘာသာစကားများကို ကျွမ်းကျင်စွာ ပြောဆိုတတ်သူဖြစ်ပြီး မူလအလုပ်အကိုင်မှာ ဥပဒေဝန်ထမ်းတစ်ဦးဖြစ်သည်။ နိုင်ငံတကာဘောလုံးပွဲစဉ်ပေါင်းများစွာကို တာဝန်ယူခဲ့သည့် အတွေ့အကြုံရှိရာ ယခု ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ သူ၏ စွမ်းဆောင်နိုင်မှုများ မည်သို့ရှိမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အမာရီလာကာလို့စ်

ပါရာဂွေးနိုင်ငံသားဖြစ်ပြီး ဖီဖာ၏ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ မူလအလုပ်အကိုင်မှာ လျှပ်စစ်အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ဝါသနာအလျောက် ဘောလုံးဥပဒေများ၊ ကစားနည်းများကို လေ့လာကာ ကိုယ်တိုင်လည်း ကစားသူဖြစ်သည်။

၁၉၇၀ပြည့်နှစ် အောက်တိုဘာ ၂၆ရက်၌ မွေးဖွားသူဖြစ်ရာ အသက် ၃၆နှစ်သာရှိသေးသဖြင့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒိုင်လူကြီးများတွင် အသက်ငယ်ရွယ်သူတစ်ဦးလည်းဖြစ်သည်။ မိခင်ဘာသာစကားအပြင် စပိန်၊ ပေါ်တူဂီနှင့် အင်္ဂလိပ်ဘာသာစကားများကိုလည်း ကျွမ်းကျင်စွာပြောဆိုတတ်သူ ဖြစ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်အတွက် တောင်အမေရိကဇုန်မှ ရွေးချယ်ထားသော ပါရာဂွေးနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီး အမာရီလာကာလို့စ်။ (ဓာတ်ပုံ–အင်တာနက်)

ကွင်းလယ်ဒိုင်လူကြီးအဖြစ် ၂၀၀၁ခုနှစ်၌ အာဂျင်တီးနားနိုင်ငံတွင် ကျင်းပခဲ့သည့် ဖီဖာကမ္ဘာ့လူငယ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်များ၊ ၂၀၀၃ ခုနှစ်က ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် ဖီဖာ၏ ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပြိုင်ပွဲ၊ ၂၀၀၅ ခုနှစ်က ဂျာမနီနိုင်ငံတွင်ကျင်းပသည့် ဖီဖာ၏ ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပြိုင်ပွဲ၊ ၂၀၀၄ခုနှစ်က ပီရူးနိုင်ငံတွင် ကျင်းပသည့် ကိုပါအမေရိက ဘောလုံးပွဲစဉ်များ၌ အောင်အောင်မြင်မြင် ကိုင်တွယ်ကြီးကြပ်နိုင်ခဲ့သည်။

အမာရီလာကာလို့စ်သည် ဖီဖာကွင်းလယ်ဒိုင်လူကြီးများအနက် ပြစ်ဒဏ်ပေးမှုအနည်းဆုံး ဒိုင်လူကြီးတစ်ဦးဖြစ်ပြီး ဘောလုံးသမားများအား အဆင့်ဆင့် သတိပေးမှုများဖြင့်သာ ကြီးကြပ်သွားသူဖြစ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များအတွက် တောင်အမေရိကဇုန်မှ ရွေးချယ်ထားသော အာဂျင်တီးနားနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီး အီလီဇွန်ဒိုဟိုရာစီရို။ (ဓာတ်ပုံ–အင်တာနက်)

အီလီဇွန်ဒိုဟိုရာစီရို

အာဂျင်တီးနားနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီးတစ်ဦးဖြစ်ပြီး တောင်အမေရိကဇုန်မှ ကွင်းလယ်ဒိုင်လူကြီးလေးဦးအနက်တစ်ဦးဖြစ်သည်။ ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် မွေးဖွားသူဖြစ်သဖြင့် ၄၃နှစ်ရှိပြီး ဖီဖာဒိုင်လူကြီးအဖြစ် ၁၉၉၄ခုနှစ် ဇန်နဝါရီ ၁ ရက်၌ သတ်မှတ်တာဝန်ပေးခြင်း ခံရသူဖြစ်သည်။

အီလီဇွန်ဒိုဟိုရာစီရို၏ ပထမဆုံး ကွင်းလယ်ဒိုင်လူကြီး အတွေ့အကြုံမှာ ၁၉၉၆ ခုနှစ်က ကစားခဲ့သော အီကွေဒေါနှင့် ကိုလံဘီယာတို့ ပွဲစဉ်ဖြစ်ပြီး ယခုအခါနိုင်ငံတကာ ဘောလုံးပွဲစဉ်ပေါင်း များစွာကို ကြီးကြပ်ခဲ့ပြီးသူဖြစ်သည်။ စပိန်နှင့် အင်္ဂလိပ်ဘာသာစကားကို ပြောဆိုတတ်ပြီး မူလအလုပ်အကိုင်မှာ ရူပဗေဒသင်ကြားသည့် ကျောင်းဆရာတစ်ဦးဖြစ်သည်။

ဘောလုံးပွဲစဉ်များ၌ ပြစ်ဒဏ်ဘောများ သတ်မှတ်ရာတွင် အဝါ၊ အနီကတ်များပြရန် လုံးဝ ဝန်မလေးတတ်သူဖြစ်ရာ အနည်းငယ်ကြမ်းတမ်းစွာကစားသည့် ဘောလုံးသမားများကိုပင် အဝါကတ်ပြလေ့ရှိသူ ဒိုင်လူကြီးဖြစ်သည်။ ထို့အပြင် ပယ်နယ်တီပြစ်ဒဏ်ဘောများပေးရာ၌ ပြတ်ပြတ်သားသားပင် ဆုံးဖြတ်ပေးတတ်ရာ ယခု ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ၌ မည်သို့ ကိုင်တွယ်သွားမည်ကို ရုပ်မြင်သံကြားဖန်သားပြင်ပေါ်တွင် ကြည့်ရှုရတော့မည်ဖြစ်ပေသည်။ ။ **(အင်တာနက်)**

ကမ္ဘာ့ဖလား သတင်းဂယက်

အဖ ဦးမြမောင်–အမိ ဒေါ်ချိုတို့အား အမှူးထား၍ အမှတ်(၉၈) အင်းလျားလမ်း ကမာရွတ်မြို့နယ်နေ ဦးကိုလေး–ဒေါ်ခင်စန်းရီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်ဆယ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

အသက်(၁၄)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်လက်ရွေးစင်အသင်း မလေးရှားသို့ထွက်ခွာ

ရန်ကုန် မေ ၂၉

မလေးရှားနိုင်ငံတွင် မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိကျင်းပမည့် အသက်(၁၄)နှစ်အောက် အာရှလူငယ်ကျောင်းသားဘောလုံးပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်မည့် အသက်(၁၄)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

၂၂ဦးပါဝင်

အသက်(၁၄)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း အဖွဲ့ဝင် ၂၂ဦးပါဝင်သည်။ အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး (အမှုဆောင်၊ ဘောလုံးအဖွဲ့ချုပ်)၊ နည်းပြများအဖြစ် ဦးဟန်ထွန်း (ကမ္ဘောဇ)နှင့် ဦးချစ်နိုင်(အား/ကာသိပ္ပံ၊ မန္တလေး)၊ ဆရာဝန်အဖြစ် ဒေါက်တာမြတ်ထွန်းဦးတို့က လိုက်ပါဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)**စဖြိုးဝေစိုး၊ အောင်ဝေဖြိုး၊ **(နောက်တန်း)** အေးထွန်း၊ မျိုးကျော်၊ အောင်စည်သူ၊ သက်အောင်၊ မြင့်စိုး၊ ဇေယျာအောင်၊ **(အလယ်တန်း)** သန်းထက်အောင်၊ ဖြိုးမောင်မောင်ကျော်၊ အောင်ကိုကိုဝင်း၊ အောင်စုနိုင်၊ သန့်ဇင်ဝင်း၊ ထွန်းမင်းဦး၊ **(ရှေ့တန်း)** ရဲဇော်ထက်၊ အောင်မြင့်ထူး၊ ကျော်မြင့်ထွန်း၊ အာကာစိုးတို့ပါဝင်ကြသည်။

ဇုန်နှစ်ခုခွဲ

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှတိုက်အတွင်းရှိ နိုင်ငံများမှ ထူးချွန်ထက်မြက်သော လူငယ်မျိုးဆက်သစ်ဘောလုံးသမားလေးများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ အသက်(၁၄)နှစ်အောက် ကျောင်းသား ဘောလုံးပြိုင်ပွဲများကို ဇုန်များခွဲ၍ နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ ယခုနှစ်တွင် အာဆီယံဇုန်နှင့် တောင်အာရှဇုန်ဟူ၍ ဇုန်နှစ်ခုခွဲ၍ အသက်(၁၄)နှစ်အောက် အာရှလူငယ်ကျောင်းသား ဘောလုံးပြိုင်ပွဲကျင်းပခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

မေ ၂၆ရက်က ရန်ကင်းမြို့နယ် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းအေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးလွင်ဦးနှင့် ရပ်ကွက်အရန် အဖွဲ့ဝင်(၁) ဦးချစ်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

စီးပွားဖြစ်သစ်ခွဲစိုက်ပျိုးနည်းသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်းအမှတ်စဉ် ၁/၂၀၀၆ကို ဇွန်၁၂ရက်မှ၂၃ရက်အထိ နေ့စဉ်နံနက်၉နာရီမှ ညနေ၄နာရီအတွင်း သင်တန်းသားသင်တန်းသူ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင်ကျပ်၈၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင်ကျပ်၉၀၀၀စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း–၃၇၉၃၆၁သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်းသိရသည်။ **(၃၀၈)**

မင်္ဂလာဦးဆုတောင်း

သားကြီး **အာကာ**နှင့် သမီး **ခင်ချိုခိုင်**တို့၏ ၂၇–၅–၂၀၀၆ရက်မှ စတင်သော မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်သာယာချမ်းမြေ့သော ဘဝကို ပိုင်ဆိုင်နိုင်သော ဇနီးမောင်နှံကောင်းများ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးဗိုလ်(ဦးဇော်ဗိုလ်)–အန်တီမော်(ဒေါ်မာလာအေး)။

တောတောင်ရယ် သာစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာမြဆောက်လုပ်ရေး

မြန်မာမြ အင်ဒတ်(စ်)ထရီ အင်တာနေရှင်နယ်ကုမ္ပဏီမှ တိုက်ခန်းသစ်များ ရောင်းချရန်ရှိသည်။ (လူနေထိုင်ခွင့် အဆင်သင့်ဖြစ်ပြီးဖြစ်သည်။ ဓာတ်လှေကား၊ Transformer နှင့် Genarator အဆင်သင့်တပ်ဆင်ပြီးဖြစ်သည်။)

အကျယ် – ၂၈ ပေ ၉ လက်မ x၅၈ ပေ (ကျုံးကြီးလမ်းဘက်ခြမ်း)
၂၃ ပေ ၆ လက်မ x၅၈ ပေ (အတွင်းဘက်ခြမ်း)

နေရာ – အမှတ် ၂၅၊ ကျုံးကြီးလမ်း(အနော်ရထာလမ်းထိပ်) ၂၃လမ်း၊ ကျုံးကြီးလမ်းထိပ်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်လိပ်စာ။ ။**AYAR TRAVELS & TOURS Co., Ltd.**
အမှတ် ၂၉၄/၁၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ၀၉–၅၀၀–၉၀၉၃။



ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



မိုင်းခေါ့မြို့၌ စာအုပ်လှူဒါန်း

မိုင်းခေါ့ မေ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မိုင်းခေါ့မြို့ ခွန်ခါကျေးရွာ ရွှေခွန်ခါ စာကြည့်တိုက်သို့ အလှူရှင်များ စာအုပ်မျိုးစုံ ၁၅၇အုပ်နှင့် အလှူငွေကျပ်၁၈၀၀၀ကို စာကြည့်တိုက်ငွေပဒေသာပင်အဖြစ် ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၈ရက် ညနေ ၃ နာရီခွဲကအဆိုပါ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး အလှူရှင်များ လှူဒါန်းသော စာအုပ်နှင့် ငွေများကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးအိုက်စံက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဗိုလ်ချုပ်အောင်ဆန်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို မေ ၂၃ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် အငယ်တန်း အင်ဂျင်နီယာ–၂ (မြို့ပြ) ဒေါ်ဆွေဆွေဝင်းတို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် အိမ်ရှင်မများမိသားစုကျန်းမာရေးသင်တန်းဆင်း

မြစ်ကြီးနား မေ ၂

မြစ်ကြီးနားခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော အိမ်ရှင်မများသို့ မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်းပွဲကို ဧပြီ ၂၀ရက် ညနေ၃နာရီက မြစ်ကြီးနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစိန်အေးနှင့်အမှုဆောင်များ၊ ဆေးရုံအုပ်ကြီးဒေါ်ကြည်ဌေးနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဒေါ်နန်းစိန်အေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး**(အပေါ်ပုံ)**ဆေးရုံအုပ်ကြီး ဒေါ်ကြည်ဌေးက သင်တန်းပို့ချပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ သက်ဆိုင်ရာတာဝန်ရှိသူများက ထူးချွန်သင်တန်းသူများအား ဆုများချီးမြှင့် ပေးအပ်ကြသည်။

(အမျိုးသမီးရေးရာ)

မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး မြောင်မြို့နယ်၌ညှိနှိုင်းစည်းဝေး

မြောင် မေ ၁၈

စစ်ကိုင်းခရိုင် မြောင်မြို့နယ် မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးညှိနှိုင်းအစည်းအဝေးကို မေ ၈ရက်နံနက်ပိုင်းက မြောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ထီးလှိုင်ရှင်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) တိုင်းအုပ်ချုပ်ရေးမှူးဦးဇော်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုဇော်က မြို့နယ်အတွင်း မိုးစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်လျာထားချက်ပြည့်မီရေး ဆွေးနွေးတင်ပြပြီး တိုင်းအုပ်ချုပ်ရေးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ မြို့နယ်တွင် မိုးစပါးဧက ၂၄၀၀၀နှင့် ခြံစည်းရိုးကြက်ဆူပင် ၂၈၂၀၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ပြီး ၂၀၀၆ခုနှစ်အတွင်း အပြီးစိုက်ပျိုးကြမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မြောင်မြို့အနောက်ဘက် ဆင်ဂေါင်းတောင်တွင် စိုက်ပျိုးပြီးစီးနေသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(၃၆၇)**

စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်း

ကန့်ဘလူ မေ ၁၅

စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို မေ၁၀ရက် ညနေ၃နာရီက ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရပ်ရွာပညာပဒေသာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမိုးမြင့်က စာကြည့်တိုက်လုပ်ငန်းများ ရှင်သန်ထက်မြက်ရေးကျွမ်းကျင်သော စာကြည့်တိုက် တာဝန်ခံရရေးနှင့်ပညာသင်ကြားရေးလုပ်ငန်း ဆက်စပ်ပေါင်းကူးမှု အသိပညာရှင်၊ စာပေအတတ်ပညာရှင်များမွေးထုတ်နိုင်မှုတို့ကိုအကြံပြုဆွေးနွေးသည်။

ထို့နောက် ဦးထွန်းအောင်(မွေးကုဆရာဝန်၊ သစ်ထုတ်ရေး–အငြိမ်းစား) ဦးဆောင် ပါဝင်သော စာကြည့်တိုက်လုပ်ငန်းကြီးကြပ်မှုကော်မတီကိုဖွဲ့စည်းပြီး စေတနာရှင် ပြည်သူများက စာကြည့်တိုက် ရန်ပုံငွေများ လှူဒါန်းရာ စာအုပ်များ ဝယ်ယူဖြည့်ဆည်းရေး၊ စာပေပြိုင်ပွဲနှင့် နံရံကပ်စာစောင်ထုတ်ဝေရေး၊ စာပေဟောပြောပွဲများ ကျင်းပရေးတို့ကို ညှိနှိုင်းကြသည်။ (၀၅၆)

နေပြည်တော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအမှတ်(၁၀)ရပ်ကွက်တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်နေမှုကို မေ၁၄ရက်က အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမောင်မောင်သွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၀၈၅)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လဆန်း(၅)ရက်
၃၁–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅	နိုင်ငံ့စီးပွားလုပ်ငန်းများ (အထက်မြန်မာပြည်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၏ ဆောင်ရွက်ချက်များ)
၁၁း၃၀	သောတရှင်အတွက် ပြန်ကြားချက်
၁၂း၀၀	ယဉ်ကျေးမှုအနုပညာ (ယဉ်ကျေးမှုစုံထောက်များ– မနုဿကျော်ဝင်း)
၁၂း၂၅	သူ့အတွေးနှင့် သူ့အရေး (သူများလက်ကို မြဲမြဲဆုပ်ကိုင်ပါ– သုတေသီ ဘုန်းမြင့်သွေး)
၁၂း၃၅	သီချင်းကြီးပဒေသာ (၁) ခွန်းထောက်အစချီမှုံပြာဝေ (ယိုးဒယားသံဆန်း၊စောင်း– ကပစ ရဲဘော်ဝင်းမောင်) (၂) လွမ်းဗုမ်ပို(ယိုးဒယား)–လှိုင်း (၃) သောင်ပြင်ကမ်းယံအစချီ တေးထပ်–ကိုမင်းဟန်

ညနေပိုင်း

၁၇း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ချစ်ပြုံးနှင်းဆီ (၂) စိမ်းမြမြစိမ်း (၃) အမုန်းတံတားလေးခင်းပြီလား
၁၇း၃၀	ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးကျည်းကျပ်ကင်နှင့် ခံတက်ချဉ်သုပ်)
၁၇း၄၅	သူ့လက်သံ (မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၏ စန္ဒရားလက်သံ)
၁၈း၄၀	စာအုပ်စာပေ လူ့မိတ်ဆွေ (၁) ဖန်ဆင်းစိတ်ကူးကြည့်ခြင်းဖြင့် အောင်မြင်မှုကိုဖန်ဆင်းခြင်း (ဆရာမိုး Follow me) (၂) ပုစ္ဆာဆန်သော မိန်းကလေး (မောင်သိန်းဆိုင်)
၁၉း၁၅	မေတ္တာလက်ဆောင်ရတေးစီးရီး (Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အချစ်များနှင့်ကမ္ဘာ–၂)
၂၀း၃၀	လပတ်မိုးလေဝသခန့်မှန်းချက်
၂၀း၄၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) အမြတ်တနိုး (၂) စကားသစ္စာ (၃) သစ္စာပွင့်ပန်း လန်းရာမြေ

ဝမ်းတွင်းမြို့၌ နွေဦးအားမာန်သင်တန်းဆင်း

ဝမ်းတွင်း မေ ၁၅

နွေဦးအားမာန် သင်တန်းဆင်းပွဲ အခမ်းအနားကို မေ၈ရက် နံနက်၈နာရီက ဝမ်းတွင်းမြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက်သင်တန်းမှူးများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦးက သင်တန်းပေါင်းစုံ ဖွင့်လှစ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သင်တန်းသားများကိုယ်စား အင်္ဂလိပ်စကားပြောသင်တန်းမှ သင်တန်းသူတစ်ဦးကကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ထူးချွန်သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

ချောက်မြို့ ပျဉ်းမလမ်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လမ်းပေါက်ဖာစက်အသုံးပြု၍ လမ်းဖာထေးခြင်းကို မေ ၁၇ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ခြံစည်းရိုးကြက်ဆူပင် ဖျာပုံမြို့၌ စိုက်ပျိုး

ဖျာပုံ မေ ၂၂

ဖျာပုံမြို့ ၅လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင် ၅၀၀ မြေချစိုက်ပျိုးပွဲကို မေ ၁၉ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြသည်။ (အောက်ပုံ)

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ထွန်းနှင့် ဦးစီးအရာရှိ ဦးသီဟထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြပြီး ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ခြံစည်းရိုးကြက်ဆူပင်များကို ဖျာပုံ–ကျုံကဒွန်းကားလမ်း၊ ၆လမ်းဘေးဝဲယာနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်ယန္တရားဝင်းတို့တွင် မိုးရာသီကာလ၌ ဆက်လက် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

(၁၅၈)

ရန်ကုန်မြို့ ပြည်သာယာ ဘောက်ထော် အမှတ်(၁၅–F) မာလာမြိုင်လမ်းနေ မိခင် ဒေါ်ခင်ကြည်အားအမှူးထား၍ သားသမီးများဖြစ်ကြသော ဦးခင်မောင်ကြည်–ဒေါ်လှလှမြင့်၊ ဦးအောင်ဇံ–ဒေါ်ငွေငွေအုန်း၊ ဦးငွေလင်း–ဒေါက်တာမာလာသောင်း၊ ဗိုလ်မှူးရဲနိုင်–ဒေါ်သီသီခိုင်၊ ဦးအောင်စိုးဝင်း–ဒေါ်စိုးစိုးအုန်းနှင့် မြေးများက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ စေတီရံတစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ဟားခါး၌နွေရာသီလူငယ်သင်တန်းဆင်း

ဟားခါး မေ ၆

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ဖွင့်လှစ်ဆောင်ရွက်သည့် နွေရာသီလူငယ်သင်တန်းပေါင်းစုံသင်တန်းဆင်းပွဲကို ဧပြီ ၂၇ရက် နံနက်က ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမတွင်ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဖာရဲထိုင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နွေရာသီသင်တန်းတက်ရောက်ကြသော ကျောင်းသူကျောင်းသားများက အေရိုးဗစ်အက၊ ပန်းဖွားအက၊ ကာယလေ့ကျင့်ခန်း၊ ပလွေသင်တန်းများဖြင့် သရုပ်ပြဖျော်ဖြေကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

မေ ၈ရက်က မုဒုံမြို့ ဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၃ရပ်ကွက်၊ ယမနေ ၆လမ်း၊ အမှတ် ၇၃၄နေ ဦးဘတင်–ဒေါ်စန်းတင် မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီ လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းဝင်း မေ ၁၅ရက်က ပလက်ဝ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းအတွက် ရေစုကန်တည်ဆောက်ရေး လုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင် အ ရာ ရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကာမိုင်းမြို့၌ လမ်းများပြုပြင်

ကာမိုင်း မေ ၁၆

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၁၄ရက်က မြို့နယ်တာဝန်ခံ ဦးဆန်းအောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်နှင့် ဝန်ထမ်းများစုပေါင်း၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှေ့ ဗိုလ်တေဇလမ်းဘေး ဝဲယာရှိ ချိုင့်ခွက်များမြေဖို့ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ **(၄၁၆)**

အဆို၊ အက၊ အတီး သင်တန်း မိတ္ထီလာ၌ဖွင့်

မိတ္ထီလာ မေ ၁၀

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီခွဲက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်သဘင်အစည်းအရုံး အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဆရာဆရာမများနှင့် သင်တန်းတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှုတင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၅ရက်မှစတင်၍ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

တမူးခရိုင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များစီမံခန့်ခွဲမှုမွမ်းမံသင်တန်းဖွင့်

တမူး မေ ၁၆

တမူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှုဆောင်များ စီမံခန့်ခွဲမှု မွမ်းမံသင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားကို မေ ၉ရက် နံနက် ၉နာရီက တမူးမြို့အခြေခံပညာ အထက်တန်းကျောင်း ကဘော်ခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က အမှာစကားပြောကြားပြီး အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကုန်သည်ကြီးများအသင်း၊ သစ်စက်လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များ၊ အောင်ကောင်း ငွေစုငွေချေး သမဝါယမအသင်း လီမိတက်နှင့် ပြည်ခိုင်ဖြိုး ယာဉ်ငယ်အသင်းတို့က အလှူငွေကျပ် ရှစ်သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေတွင်းလမ်းရှိ ပင်မရေမြောင်းမှ ရွှံ့၊ နွံ့အမှိုက်များ ဆယ်တင်ခြင်းကို မေ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း သားသမီးများအား ၂၀၀၆ခုနှစ် ပညာသင်စရိတ်ကျပ် ၁၈၀၀၀၀ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၈ရက်က ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြင့်က ပညာသင်စရိတ်များ ပေးအပ်စဉ်။

(ခရိုင်ရဲတပ်ဖွဲ့)

မိုးစပါးစိုက်ပျိုးရေး ပင်းတယ၌ဆွေးနွေး

ပင်းတယ မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀နာရီက ဇော်ဂျီဦးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဟန်သိန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးချိုနိုင်ထွန်းနှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးလှဝေတို့က စိုက်ပျိုးရေးဆိုင်ရာနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စိုက်ပျိုးရေးစီမံကိန်းတာဝန်များကို ကျေးရွာအုပ်စုအလိုက် တာဝန်ပေးအပ်လိုက်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါ်များသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မြန်အောင်မြို့ နေခြည်ဈေးရှေ့ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များရှင်းလင်းခြင်းကို မေ ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များစုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်
လျှောက်ထားရန်ကြော်ငြာခြင်း

၁။ ဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ဆားလုပ်ငန်းဥပဒေအရ ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင်များကို ၂၀၀၆ခုနှစ် ဇွန်လ ၁ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အတွင်း သက်ဆိုင်ရာရုံးခွဲများသို့ တင်ပြတောင်းခံကြရန် နှိုးဆော်အပ်ပါသည်။

၂။ စာပိုဒ်(၁)ပါသတ်မှတ်ရက်အတွင်း လိုင်စင်အသစ်တင်ပြတောင်းခံခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး တောင်းခံလာပါက ဒဏ်ကြေး(ရက်လွန်ကြေး) အဖြစ် တစ်ရက်လျှင်ကျပ်၁၀၀ိ/–နှုန်းဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင် ကျပ်၁၅၀ိ/–နှုန်းဖြင့် မြန်မာ့ဆားနှင့်အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့်အောက်ပါ ရုံးခွဲများနှင့် အချိန်မီဆက်သွယ်ရယူနိုင်ပါသည်။

(က) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း အမှတ်(၉၀)ကံဘဲ့လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့(ရုံးချုပ်)။ ဖုန်း–၅၇၇၄၇၀၊ ၅၇၇၄၇၁။ — ရန်ကုန်တိုင်း/ ပဲခူးတိုင်း

(ခ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊ မွန်ပြည်နယ်၊တနင်္သာရီတိုင်းရုံး၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း ၀၅၇–၂၄၄၁၂။ — မွန်ပြည်နယ်/ တနင်္သာရီတိုင်း

(ဂ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ ဧရာဝတီတိုင်းရုံး အမှတ်(၂၈)ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂–၂၄၂၅၀။ — ဧရာဝတီတိုင်း

(ဃ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ၊ အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့။ ဖုန်း–ကျောက်ဖြူ–၁၉။ — ရခိုင်ပြည်နယ်

(င) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ၊ မြောက်ပိုင်းတိုင်းရုံး ဆားသိုလှောင်ဖြန့်ဖြူးရေးစခန်း အိုးဘိုရပ်၊ စစ်ကိုင်းမြို့။ ဖုန်း ၀၇၂–၂၁၄၆၈။ — (က၊ခ၊ဂ၊ဃမှ အပ)

၄။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၀၆ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာအပိုဒ်(၃)တွင် ဖော်ပြထားသည့် နေရာများသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိလိုပါက အပိုဒ်(၃)တွင် ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့် ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ **ဦးဆောင်ညွှန်ကြားရေးမှူး။**

ကုမ္ပဏီအရောင်းပြခန်းနှင့် ရုံးခန်းပြောင်းရွှေ့ခြင်း

Masda Chemical International Co., Ltd. သည် အောက်ပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း လုပ်ငန်းရှင်များ၊ အစိုးရဌာနဆိုင်ရာများ၊ မိတ်သင်္ဂဟများအား လေးစားစွာ အကြောင်းကြားအပ်ပါသည်။

အမှတ် ၁၀၈/၁၁၀၊ ကုန်ဈေးတန်းလမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၆၄၇၅၊ ၂၄၃၉၂၂၊ ၄၄၁၁၂၆၀၊ ၀၉–၅၁၄၆၈၀၉၊
ဖက်စ် ၂၄၃၉၂၂၊ ၃၇၆၄၇၅
Email; masda-ygn@myanmar. com.mm.
masdachemical@mptmail. net.mm

မြန်မာ့သုခရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ရခိုင်ပြည်နယ် အတွက် စတင် လက်ခံနေပါပြီ။

ဘာဝယ်ပေးရမလဲ ?

ရွှေမင်းသားမှ အမြန်ရောင်းမည်

- ၁၂ ၁/၂ ပေx၆ပေ ၃၀ဗားကရာလမ်းနှင့်အရှေ့ကုန်းလမ်းထောင့် (၅လွှာ) (စမ်းချောင်း)
- ပေ၃၀ x၄၈ပေ ကမ်းနားလမ်းနှင့်အီဒင်လမ်းထောင့်(ပထမထပ်) (ဗိုလ်တထောင်)
- ၁၂ ၁/၂ ပေ x ၈ပေ ၅၀ ဈေးကြီးလမ်း (မြေညီထပ်+ပထမထပ်) (ကြည့်မြင်တိုင်)
- ၁၂ပေ x ၈ပေ၄၀ ဦးဝိစာရလမ်းနှင့် ဓမ္မစေတီထောင့် (ပ+၃)၂လွှာပေါင်း (ဗဟန်း)
- ၁၄ပေ x ၄၅ ပေ ဝန်ကြီးများရုံးနှင့် ဗန္ဓုလလမ်းထောင့် (မြေညီ) (ဗိုလ်တထောင်)

ဖုန်း–၅၉–၀၁–၂၂၂၉၂၃၊ ၂၁၂၉၄၄ Ext:၁၀၄–၁၀၅။

တိုက်ခန်းရောင်းမည်(ညှိနှိုင်းဈေး)

Junction-8၊ မြိုင်ဟေဝန်ကွန်ဒို၊(ရန်ကုန်)

(၁) အခန်းကျယ်/1350sqft/အဆင့်မြင့်ပြင်ဆင်ပြီး/သံပန်းတပ်/1MBR 3BR/4Air-Con/Ext phone/One heater/ပါကေးခင်း/၁၀လွှာ/ဓာတ်လှေကားပါ။

(၂) 1250sqft/အဆင့်မြင့်ပြင်ဆင်ပြီး/သံပန်းတပ်/1MBR/2BR/3Air-Con/ ပါကေးခင်း/၉လွှာ/ဓာတ်လှေကားပါ။ **ဆက်သွယ်ရန်ဖုန်း -၀၉–၈၉–၂၅၂၂။**

လေးမျက်နှာမြို့ ဗိုလ်ချုပ်လမ်းမဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၁၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်း၍ မြောင်းတူးဖော်ကြစဉ်။ (မြို့နယ်စည်ပင်)

အနာကြီးရောဂါတိုက်ဖျက်ကာကွယ်ရေး ဟောပြော

အရာတော် မေ ၁၅

အရာတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ အနာကြီးရောဂါ တိုက်ဖျက်ကာကွယ်ရေး ဟောပြောပွဲကို မေ၈ရက်မွန်းလွဲ ၁နာရီခွဲက ငှက်ပျောခြံအုပ်စု မှန်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေး ကြီးကြပ်(၂)ဦးမျိုးဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးကြီးကြပ်ရေးမှူး ဦးမျိုးဝေက အနာကြီးရောဂါဖြစ်ပွားမှုများ ကျဆင်းပျောက်ကွယ်ရေးကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါးခယ်မမြို့၌ ယဉ်ကျေးမှုသင်တန်းဆင်း

ဝါးခယ်မ မေ ၂၆

ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရွှေသံလွင် ပရိယတ္တိကျောင်းတိုက်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသ (အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ကြီးမှူး၍ ဒုတိယအကြိမ် ယဉ်ကျေးမှု သင်တန်းပါဠိ၊မြန်မာ၊အင်္ဂလိပ် သင်တန်းဆင်းပွဲ အခမ်းအနားကိုမေ၂၁ရက်နံနက်၉နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပသည်။

သီလခံယူ

ရှေးဦးစွာ ဧည့်ပရိသတ်များက ရတနာမြတ်သုံးပါးကို ကန်တော့၍ ရွှေသံလွင် ပရိယတ္တိကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံ ယူဆောက်တည်ကြသည်။

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသော သင်တန်းသားများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးက ဆုငွေနှင့် ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ဆက်လက်၍ နှစ်သိမ့်ဆု၊ ကျောင်း တက်မှန်ဆု၊ သက်ကြီးပညာသင်ဆု၊ အသက်ငယ်ဆုံးဆု၊ ရွှေဉာဏ်ရှင်ဆု၊ စာစီစာကုံးဆုရ သင်တန်းသားများကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်သန်းနှင့် အဖွဲ့ဝင်များက ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၄၅ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ပေါင်မြို့၌ဆွေးနွေး

ပေါင် မေ ၂၅

ပေါင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အတွက်ဆွေးနွေးပွဲကို မေ ၁၇ ရက်က အလုပ်ကျေးရွာ မျိုးဆက်သစ် စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးထွန်းနိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့် တို့က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက် လာကြသူ စာပေဝါသနာရှင်များက စာအုပ်မျိုးစုံ ၂၂ အုပ်ကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကသုတ၊ ရသစာအုပ်မျိုးစုံ ၅၃ အုပ်ကိုလည်းကောင်း အလုပ်ကျေးရွာ မျိုးဆက်သစ် စာကြည့်တိုက်သို့လှူဒါန်းကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့ ကန်ဖျားလမ်းမကြီးတစ်လျှောက် စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်များ မြေချစိုက်ပျိုးခြင်း လုပ်ငန်းကို မေ ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

အောင်မြေမန္တလာ မဂ္ဂဇင်းထုတ်ဝေရေး စည်းဝေး မြို့နယ်မှတ်တမ်းဓာတ်ပုံများပါဝင်မည်

မန္တလေး မေ ၁၃

မန္တလေးအောင်မြေသာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ထုတ်ဝေမည့်အောင်မြေမန္တလာမဂ္ဂဇင်းအတွက် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မေ ၁၃ရက် နံနက်၉နာရီက ကမ်းနားလမ်း မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တင်ပြ

ရှေးဦးစွာ မဂ္ဂဇင်း ကော်မတီဥက္ကဋ္ဌ ဦးငွေလွင်၊ အတွင်းရေးမှူး ဦးထွဏ်းလှအောင်တို့က အောင်မြေမန္တလာမဂ္ဂဇင်း ထုတ်ဝေရေးနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ထုတ်ဝေမည်

အဆိုပါ အောင်မြေမန္တလာ မဂ္ဂဇင်းကို ရသစုံဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ကာတွန်းနှင့်မြို့နယ်အထင်ကရ မှတ်တမ်းဓာတ်ပုံများဖြင့် ဩဂုတ်လအတွင်း ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၂)**

လားရှိုးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ကဆောင်ရွက်သော မြို့ရေပေးဝေရေး ရေကန်အမှတ် (၂)ရေပိုလျှံမြောင်း ပြုလုပ်ခြင်း လုပ်ငန်းကို မေ ၉ ရက်က အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းဌေးတို့ ကွင်းဆင်း ကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)



စက်မှုလယ်ယာသို့ အသွင်ကူးပြောင်း စက်မှုသီးနှံပင်များ ဖြစ်ထွန်းအောင် စိုက်ပျိုး

ရန်ကုန် မေ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ယမန်နေ့တွင် ပဲခူးတိုင်း ပဲခူးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိ၍ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒိုက်ဦးမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ဒိုက်ဦးကော်မှုန့်စက်ရုံသို့ရောက်ရှိ၍ စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး**(ဓါတ်ပုံ)** ဝန်ကြီးက မြေလွတ်မြေလပ်မကျန် တစ်အုပ်တစ်မစိုက်ပျိုးသွားရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းပြီး ***စာမျက်နှာ ၉ ကော်လံ ၁*** ●

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးအတွက် မေ့ဆေးပေးစက်နှင့် လူနာအထောက်အကူပြုစက်လှူဒါန်း

ရန်ကုန် မေ ၂၉

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာ လက်ခံကုသဆောင်အတွက် ငွေကျပ် ၆၃ သိန်းတန်ဖိုးရှိ မေ့ဆေးပေးစက်နှင့် လူနာအထောက်အကူပြု အချက်ပေးစက်(Patient Monitor)စက်တစ်စုံတို့အတွက် စေတနာရှင် မိသားစုငါးဦးတို့က စုပေါင်းပေးအပ်လှူဒါန်းပွဲကို မေ ၂၄ ရက်တွင် အဆိုပါဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ ဒုတိယဆေးရုံအုပ် ဒေါက်တာဒေါ်တင်တင်မိုး၊ သူနာပြုအုပ် ဒေါ်ခင်ရည်၊ ပါမောက္ခ ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာစိန်မြင့်၊ မေ့ဆေးပါမောက္ခ ဒေါက်တာဒေါ်ခင်မော်၊ နှလုံးခွဲစိတ်ကုပါမောက္ခ ဒေါက်တာခွန်စိုးမိုး၊ ဓာတ်မှန်ပါမောက္ခ ဒေါက်တာဉာဏ်ထွန်းနှင့် တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

<u>ပေးအပ်လှူဒါန်း</u>

လှူဒါန်းပွဲတွင် အလှူရှင် ရန်ကုန်မြို့မှ မောင်ကျော်သီဟနှင့် ညီမ မသီရိဆွေ မောင်နှမနှစ်ဦးတို့က ငွေကျပ် ၂၃ သိန်း၊ မန္တလေးမြို့မှ ဦးရဟိုင်း–ဒေါ်အေးရင် မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးသန်းရွှေ–ဒေါ်တင်တင်အုန်း (Ever Green ကုမ္ပဏီ) က ငွေကျပ် ၁၀ သိန်း၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

ဂုဏ်ပြုလွှာပေးအပ်

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်လူနာ လက်ခံကုသဆောင်အတွက် အလှူရှင် မောင်ကျော်သီဟနှင့် ညီမ မသီရိဆွေတို့က အလှူငွေကျပ် ၂၃ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၃၀ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပါတီသည် တိုင်းပြည်နှင့် လူမျိုးအတွက် အချိန်အခါ အခြေအနေနှင့် မကိုက်ညီသည့် လုပ်ရပ်များလုပ်ဆောင်မှားယွင်းသောလုပ်ရပ်များ၊ အာဏာရရှိရေးအဓိကထား ယုံကြည်ချက်၊ ခံယူချက်များ ပြောင်းလဲသင့်သည့် အချိန်တန်ပြီ မြစ်ကြီးနားမြို့နယ် NLD ပါတီဝင် ၅၄ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် သုံးဦးနှင့် ပါတီဝင် ၅၁ ဦး စုစုပေါင်း ၅၄ ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ကြောင်း၊ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါမြစ်ကြီးနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်သူ ၅၄ ဦးတို့သည် ၎င်းတို့၏နုတ်ထွက်လွှာများကို မေ ၁၀ ရက် နံနက် ၉နာရီ မိနစ် ၂၀ တွင် မြစ်ကြီးနားမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ***စာမျက်နှာ ၉ ကော်လံ ၁*** ❐

ကျန်းမာရေးအသိသက်သက်မဟုတ်ဘဲ လက်တွေ့ကျကျ ပူးပေါင်းတိုက်ဖျက်ရန်လို ဆေးလိပ်အန္တရာယ်မှ ဝေးရာသို့ အသိစိတ်ဖြင့် ရှောင်ကြဉ်

သတင်းဆောင်းပါး-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၉

ဆေးပေ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်အစရှိသော ဆေးလိပ်အမျိုးမျိုးသည် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးကို ထည့်သွင်း၍ လိပ်ထားခြင်းဖြစ်သည်။

ယင်းဆေးရွက်ကြီးဆေးလိပ်တွင် လူကိုအန္တရာယ်ဖြစ်စေသော ဓာတ်များစွာပါဝင်သည်။ ဆေးလိပ်မှထွက်သော အခိုးငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော်ပါဝင်ကြောင်း သိရသည်။

<u>အန္တရာယ်ဖြစ်စေ</u>

အဆိုပါ ဓာတ်ပစ္စည်းအမျိုးအစားထဲတွင် လူကိုအန္တရာယ်ဖြစ်စေနိုင်သော ကတ္တရာ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ***စာမျက်နှာ ၇ ကော်လံ ၁*** ✡

"မြန်မာနိုင်ငံတွင် ဆေးလိပ်ကြော်ငြာများ ပိတ်ပင်ခြင်းကို တစ်စိတ်တစ်ဒေသအားဖြင့် ဆောင်ရွက်ခြင်းထက် လုံးဝပိတ်ပင်လိုက်ပါက ဆေးလိပ်တိုက်ဖျက်ရေးအတွက် ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မည်"

ဒေါက်တာညိုညိုကြိုင်
ဒုတိယညွှန်ကြားရေးမှူး(ကျန်းမာရေးဦးစီးဌာန)
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)